# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်

# (၁၇) ကြိမ်မြောက် ပုံမှန်အစည်းအဝေး

# သတ္တမနေ့ မှတ်တမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁ | ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၂ |
| ၃ | အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း | ၂ |
| ၄ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း | ၄ |
| ၅ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း | ၄ |
| ၆ | ကွမ်းလုံမြို့နယ်အတွင်းရှိ နမ့်တိန်ချောင်းရေတိုက်စားမှုကြောင့် နေရာကိုးခု ကမ်းပြိုမှုများ ဖြစ်ပေါ်နေသဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနက ကမ်းပြို ကာကွယ်ရေးလုပ်ငန်းများ မည်သို့စီမံ ဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း | ၅ |
| ၇ | နိုင်ငံတော်အစိုးရမှ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဖောက်ဖျက်သည့် ယာဉ်များကို အရေးယူ ဆောင်ရွက်ရာတွင် လွယ်ကူချောမွေ့လျင်မြန်စေရန်နှင့် ပွင့်လင်းမြင်သာမှုရှိစေရန်(Digital Payment System)ဖြင့် ပြောင်းလဲဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၉ |
| ၈ | နှစ်ပေါင်း(၉၀)ကျော်သက်တမ်းရှိသည့် ဧရာဝတီမြစ်ကူးတံတားဖြစ်သော စစ်ကိုင်းတံတား(အင်းဝ) အား ဆေးအသစ်သုတ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း | ၁၃ |

| | | |
|---|---|---|
| ၉ | ဆီဆိုင်မြို့နယ် ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ နားလွယ်ရွာမှ ပန်းညင်၊ ဖိုင်ကွမ်း၊ ဖိုင်လင်းထိ ကျန်ရှိသောလမ်းပိုင်းနှစ်မိုင်အား ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၇ |
| ၁၀ | Third Party များ၏ ဖွဲ့စည်းပုံတာဝန်ယူမှု၊ တာဝန်ခံမှုများနှင့် မည်သည့်မူဝါဒ၊ လမ်းညွှန်ချက်များဖြင့် ဆောင်ရွက်နေသည်ကိုသိလိုခြင်း နှင့်စပ်လျဉ်းသည့်မေးခွန်း | ၁၉ |
| ၁၁ | ရပ်စောက်မြို့နယ်၊ ယမ်းတွင်းငါးကြောင်ကျေးရွာအုပ်စုနှင့် မြင်တောင်ကျေးရွာအုပ်စုတို့ကို ဆက်သွယ် ထားသော ပင်ဖြစ်-တောင်ချွန်လမ်း ၁၁ မိုင်ကို အမာခံကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ/မရှိကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း | ၂၄ |
| ၁၂ | ကျောင်းကုန်းမြို့နယ်ရှိ စာဖြူစု-ဂနိမ်းလေး ကျေးရွာချင်းဆက်လမ်း မြေသား လမ်းမကြီးအား ရာသီ မရွေးသွားလာနိုင်သော ကျောက်ခင်းလမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်း သည့်မေးခွန်း | ၂၇ |
| ၁၃ | နိုင်ငံတော်ဘဏ္ဍာငွေဖြင့်တည်ဆောက်ထားသော ကျေးရွာချင်းဆက်လမ်းများအား လမ်းအမျိုးအစား အလိုက် စံချိန်စံညွှန်းများနှင့်အညီ စစ်ဆေးကြီးကြပ်ပေးရန်နှင့် ပျက်စီးသွားသောလမ်းများအား ပြုပြင် ထိန်းသိမ်းစရိတ်ချထားပေးရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၃၂ |
| ၁၄ | ကျွန်းစုမြို့နယ်၊ အညင်းကျေးရွာနှင့် ဘုရားထွက်ကျေးရွာသို့ ဆက်သွယ်ထားသည့် တံတား ၁၇၀၀ ပေအား မည်သည့်အချိန်တွင် တည်ဆောက်ပေးမည် ကိုသိလိုခြင်း နှင့် စပ်လျဉ်းသည့်မေးခွန်း | ၃၆ |
| ၁၅ | စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက တင်သွင်းသည့် တိုက်ရိုက် ရောင်းချခြင်း ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက် | ၃၈ |

| | | |
|---|---|---|
| | အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း | |
| ၁၆ | မြန်မာနိုင်ငံတစ်ဝန်းတွင် ယာဉ်တိုက်မှု၊ ယာဉ်မတော်တဆဖြစ်မှုများကြောင့် သေဆုံးခြင်း၊ ထိခိုက်ဒဏ်ရာရခြင်းများ တဖြည်းဖြည်းမြင့်တက်လာနေပါသော ကြောင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်နှင့်ပတ်သက်၍ အသိပညာပေးခြင်း၊ အရေးယူခြင်းများကို ယခုထက်ပို၍ ထိထိရောက်ရောက် အရှိန်မြှင့်ဆောင်ရွက် ပေးရန် ပြည်ထောင်စုအစိုးရကို တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ် ရယူခြင်း | ၄၄ |
| ၁၇ | ဦးမင်းသိန်း၊ တောင်တွင်းကြီးမဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်း နိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း | ၅၂ |
| ၁၈ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး သတ္တမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး အဌမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက် နှင့်အချိန်ကို ကြေညာခြင်း | ၅၂ |

# ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် (၁၇) ကြိမ်မြောက်ပုံမှန်အစည်းအဝေး

# သတ္တမနေ့ အစီအစဉ်

# (၃၀-၇-၂၀၂၀) (ကြာသပတေးနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး သတ္တမနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးယန်ကျင်းကန်၊ ကွမ်းလုံ မဲဆန္ဒနယ်၏ **ကွမ်းလုံမြို့နယ် အတွင်းရှိ နိမ့်တိန်ချောင်း ရေတိုက်စားမှုကြောင့် နေရာ (၉)ခု ကမ်းပြိုမှုများ ဖြစ်ပေါ်နေသဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနက ကမ်းပြိုကာကွယ်ရေး လုပ်ငန်းများ မည်သို့စီမံဆောင်ရွက်ပေးမည်ကိုသိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးစိုင်းဝေါ်င်းဆိုင်ဟိန်း၊ မောက်မယ် မဲဆန္ဒနယ်၏ **နိုင်ငံတော်အစိုးရမှ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဖောက်ဖျက်သည့် ယာဉ်များကို အရေးယူဆောင်ရွက်ရာတွင် လွယ်ကူချောမွေ့ လျင်မြန်စေရန်နှင့် ပွင့်လင်း**

**မြင်သာမှုရှိစေရန် (Digital Payment System) ဖြင့် ပြောင်းလဲဆောင်ရွက်ရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးခင်မောင်သိန်း၊ စစ်ကိုင်း မဲဆန္ဒနယ်၏ **နှစ်ပေါင်း (၉၀) ကျော် သက်တမ်းရှိသည့် ဧရာဝတီမြစ်ကူးတံတားဖြစ်သော စစ်ကိုင်းတံတား (အင်းဝ) အား ဆေးအသစ်သုတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးခွန်သန်းထူး၊ ဆီဆိုင် မဲဆန္ဒနယ်၏ **ဆီဆိုင်မြို့နယ် ပြည်ထောင်စု လမ်းမကြီးပေါ်ရှိ နားလွယ်ရွာမှ ပန်းညင်၊ ဖိုင်ကွမ်း၊ ဖိုင်လင်းထိ ကျန်ရှိသော လမ်းပိုင်း(၂)မိုင်အား ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင်ထည့်သွင်း ဆောင်ရွက် ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးမျိုးဇော်ဦး၊ လယ်ဝေး မဲဆန္ဒနယ်၏ **Third Party များ၏ ဖွဲ့စည်းပုံ၊ တာဝန်ယူမှု၊ တာဝန်ခံမှုများနှင့် မည်သည့်မူဝါဒ၊ လမ်းညွှန်ချက်များဖြင့် ဆောင်ရွက်နေသည်ကိုသိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးခင်မောင်မြင့်၊ ရပ်စောက် မဲဆန္ဒနယ်၏ **ရပ်စောက်မြို့နယ်၊ ယမ်းတွင်း ငါးကြောင်ကျေးရွာအုပ်စုနှင့် မြင်တောင်ကျေးရွာအုပ်စုတို့ကို ဆက်သွယ် ထားသော ပင်ဖြစ်-တောင်ချွန်လမ်း (၁၁)မိုင်ကို အမာခံ ကျောက်ချော လမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးသိန်းထွန်း၊ ကျောင်းကုန်း မဲဆန္ဒနယ်၏ **ကျောင်းကုန်းမြို့နယ်ရှိ စာဖြူစု-ဂနိမ်းလေး ကျေးရွာချင်းဆက်မြေသား လမ်းမကြီးအား ရာသီမရွေး သွားလာနိုင်သော ကျောက်ခင်းလမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဈ) ဦးအောင်စိုး၊ သရက်ချောင်း မဲဆန္ဒနယ်၏ **သရက်ချောင်းမြို့နှင့် မြို့မ ရပ်ကွက်အား ပြည်ထောင်စုလမ်းမကြီး စံနှုန်း(AH-112)နှင့်အညီ လာမည့် ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ည) ဦးသာအောင်၊ မြို့သစ် မဲဆန္ဒနယ်၏ **နိုင်ငံတော်ဘဏ္ဍာငွေဖြင့် တည်ဆောက်ထားသော ကျေးရွာချင်းဆက်လမ်းများအား လမ်းအမျိုးအစားအလိုက် စံချိန်စံညွှန်းများနှင့်အညီ စစ်ဆေးကြီးကြပ်ပေးရန်နှင့် ပျက်စီးသွားသော လမ်းများအား ပြုပြင်ထိန်းသိမ်းစရိတ် ချထားပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဋ) ဒေါ်တင်တင်ရီ၊ ကျွန်းစု မဲဆန္ဒနယ်၏ **ကျွန်းစုမြို့နယ်၊ အညင်းကျေးရွာနှင့် ဘုရားထွက်ကျေးရွာသို့ ဆက်သွယ်ထားသည့် တံတား (၁၇၀၀') အား မည်သည့် အချိန်တွင် တည်ဆောက်ပေးမည်ကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

၆။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန က တင်သွင်းသည့် **"တိုက်ရိုက်ရောင်းချခြင်း ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက် အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၇။ ဦးမင်းသိန်း၊ တောင်တွင်းကြီး မဲဆန္ဒနယ်က **"မြန်မာနိုင်ငံတစ်ဝန်းတွင် ယာဉ်တိုက်မှု၊ ယာဉ်မတော်တဆဖြစ်မှုများကြောင့် သေဆုံးခြင်း၊ ထိခိုက်ဒဏ်ရာရခြင်းများ တဖြည်းဖြည်း မြင့်တက်လာနေပါသောကြောင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်နှင့်ပတ်သက်၍ အသိပညာပေးခြင်း၊ အရေးယူခြင်းများကို ယခုထက်ပို၍ ထိထိရောက်ရောက် အရှိန်မြှင့်ဆောင်ရွက်ပေးရန် ပြည်ထောင်စု

**အစိုးရကို တိုက်တွန်းကြောင်း”** အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ် ရယူခြင်း၊

၈။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၉။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး သတ္တမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး အဋ္ဌမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး

# သတ္တမနေ့မှတ်တမ်း

**၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၁ ရက်**

**(၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၃၀ ရက်)**

**(ကြာသပတေးနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး သတ္တမနေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀:၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး သတ္တမနေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါခင်ဗျား။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး သတ္တမနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၀ ဦးရှိသည့်အနက် ၃၇၁ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေစုစုပေါင်းရဲ့ ၈၆.၂၈ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့်စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၃)ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ ယခုအစည်းအဝေး မတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၃၀ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး သတ္တမနေ့သို့မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော်

လွှတ်တော်အခွင့်အရေးကော်မတီအတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံ မဲဆန္ဒနယ်က ကိုယ်စားခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၀ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၇၁ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၂၆ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူကိုယ်စားလှယ်များကတော့-

(၁) လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းမောက်ခမ်း ခွင့် တစ်ရက်၊

(၂) လောက်ကိုင်မဲဆန္ဒနယ်မှ ဦးလူတယ်ဟုန်(ခ)ဦးအောင်ရွှေ ခွင့် ကိုးရက်၊

(၃) နမ္မတူမဲဆန္ဒနယ်မှ ဒေါ်နန်းခမ်းအေး ခွင့် ကိုးရက်၊

(၄) ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဦးဖြိုးဇေယျာသော်(ခ)ဇေယျာသော် ခွင့် တစ်ရက်၊

(၅) ကျောက်တော်မဲဆန္ဒနယ်မှ ဦးဦးထွန်းဝင်း ခွင့် တစ်ရက်၊

(၆) မင်းပြားမဲဆန္ဒနယ်မှ ဦးစစ်နိုင် ခွင့် တစ်ရက်၊

(၇) ငွမဲဆန္ဒနယ်မှ ဦးမြင့်ဝေ ခွင့် တစ်ရက်၊

(၈) သံတွဲမဲဆန္ဒနယ်မှ ဦးမင်းကြည် ခွင့် တစ်ရက်၊

(၉) ဝိုင်းမော်မဲဆန္ဒနယ်မှ ဦးလဂန်ဇယ်ဂျူး ခွင့် တစ်ရက်၊

(၁၀) မိုးမောက်မဲဆန္ဒနယ်မှ ဦးဝင်းအောင် ခွင့် တစ်ရက်၊

(၁၁) မိုးကောင်းမဲဆန္ဒနယ်မှ ဦးဝင်းနိုင် ခွင့် တစ်ရက်၊

(၁၂) ဗန်းမော်မဲဆန္ဒနယ်မှ ဦးအောင်သိန်း ခွင့် တစ်ရက်၊

(၁၃) ဖားကန့်မဲဆန္ဒနယ်မှ ဦးတင့်စိုး ခွင့် တစ်ရက်၊

(၁၄) ပူတာအိုမဲဆန္ဒနယ်မှ ဦးမိုးရွှေ ခွင့် တစ်ရက်၊

(၁၅) တနိုင်းမဲဆန္ဒနယ်မှ ဦးလင်းလင်းဦး ခွင့် တစ်ရက်၊

(၁၆) ဆိပ်ကြီး/ခနောင်တိုမဲဆန္ဒနယ်မှ ဦးတင်ထွန်းနိုင် ခွင့် တစ်ရက်၊

(၁၇) လသာမဲဆန္ဒနယ်မှ ဒေါ်ခင်မို့မို့အောင် ခွင့် တစ်ရက်၊

**မူကြမ်း**

(၁၈) ရန်ကင်းမဲဆန္ဒနယ်မှ ဒေါ်ဇင်မာအောင် ခွင့် တစ်ရက်၊

(၁၉) သန်လျင်မဲဆန္ဒနယ်မှ ဦးလွင်ကိုလတ် ခွင့် တစ်ရက်၊

(၂၀) မြောင်းမြမဲဆန္ဒနယ်မှ ဒေါက်တာစိုးမိုးသူ ခွင့် တစ်ရက်၊

(၂၁) သရက်ချောင်းမဲဆန္ဒနယ်မှ ဦးအောင်စိုး ခွင့် တစ်ရက်၊

(၂၂) မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်း ခွင့် ၂၀ ရက်၊

(၂၃) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်နိုင်ဝင်း ခွင့် တစ်ရက်၊

(၂၄) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးခင်မောင်ချို ခွင့် တစ်ရက်၊

(၂၅) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးအောင်ကျော်နှင်း ခွင့် တစ်ရက်နှင့်

(၂၆) ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင် ခွင့် တစ်ရက် တို့ဖြစ်ကြပါတယ်။ ယခင်ခွင့်ပန်ကြားသူ ၃၃ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၂၆ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၅၉ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ်ခွင့်ပြုပေးပါရန် လေးစားစွာဖြင့်ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်း တင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၀ ဦး၊ ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၃၃ ဦး၊ ယနေ့ခွင့်ပြုထားသူ ၂၆ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၅၉ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို

လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါ့မယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်ကသဘောတူပါ သလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကသဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ကွမ်းလုံမြို့နယ်အတွင်းရှိ နမ့်တိန်ချောင်းရေတိုက်စားမှုကြောင့် နေရာကိုးခု ကမ်းပြိုမှုများ ဖြစ်ပေါ်နေ သဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနက ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ မည်သို့စီမံ ဆောင်ရွက် ပေးမည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ကွမ်းလုံမဲဆန္ဒနယ်မှ ဦးယန်ကျင်းကန် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးယန်ကျင်းကန်(ကွမ်းလုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအစိုးရအဖွဲ့ဝင်ဝန်ကြီးများ အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကွမ်းလုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးယန်ကျင်းကန် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့် အနေနဲ့ ကွမ်းလုံမြို့နယ်နှင့် ဟိုပန်မြို့နယ်ကို နယ်နိမိတ်ပိုင်းခြားစီးဆင်းနေတဲ့ နမ့်တိန်ချောင်း

တစ်လျှောက် မြစ်ရေတိုက်စားမှုကြောင့် စိုက်ပျိုးမြေများဆုံးရှုံးနေသည်ကို စိုးရိမ်ပူပန်နေကြတဲ့ ဒေသခံတိုင်းရင်းသားပြည်သူများကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာ ဝန်ကြီးဌာနသို့ မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။

မေးခွန်းပါ ရေတိုက်စားမှုဖြစ်စဉ်နှင့်စပ်လျဉ်း၍ ၂၀၁၈ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဒသမပုံမှန် အစည်းအဝေးမှာ ကြယ်ပွင့်မပြမေးခွန်းအဖြစ် မေးမြန်းခဲ့ရာမှာ ဝန်ကြီးဌာနက အောက်ပါအတိုင်း ပြန်လည်ဖြေကြားပေးခဲ့ဖူးပါတယ်။ ၂၀၁၈ ခုနှစ် မတ်လအတွင်း ကွမ်းလုံမြို့နယ်၊ ကုန်ညောင် ကျေးရွာ၊ ကောင်းကျဲကျေးရွာ၊ နမ့်ဟူးကျေးရွာ၊ နောင်ပန်ကျေးရွာများအနီး နမ့်တိန်ချောင်း ရေတိုက်စား နေမှုအခြေအနေများကို ကွင်းဆင်းတိုင်းတာစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါ သည်။ ကွမ်းလုံမြို့နယ်အတွင်း ဖော်ပြပါကျေးရွာများ၏နေရာကိုးခုတွင် ကမ်းပြိုမှုများဖြစ်ပေါ်နေပြီး စုစုပေါင်းအလျားမှာ ၁၂၈၀၀ ပေခန့်ရှိပါသည်။ အဆိုပါနေရာကိုးခု၏ အလျား ၁၂၈၀၀ ပေတွင် ကမ်းပြိုကာကွယ်ရေးအစီအမံများ ဆောင်ရွက်မည်ဆိုပါက လိုအပ်သောရန်ပုံငွေမှာ ကျပ် ၂၈၆၆.၇ သန်းဖြစ်ပါသည်။ လုပ်ငန်းများအား ဆောင်ရွက်သင့်သောအစီအမံ ခန့်မှန်းကုန်ကျစရိတ်တို့ကို တွက်ချက်ပြီး မှတ်တမ်းရေးသွင်းထားရှိပြီး ဦးစားပေးအဆင့်အလိုက်သတ်မှတ်ကာ အကောင် အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားပေးခဲ့ပါတယ်။ ကျွန်တော့် အနေနဲ့လည်း ဒေသခံပြည်သူများထံသို့ ဝန်ကြီးဌာန၏ဖြေကြားချက်ပါအတိုင်းပဲ တင်ပြပေးခဲ့ပြီး ဖြစ်ပါသည်။ သို့သော်လည်း ယခုထိတိုင် ဆောင်ရွက်မှုတစ်စုံတစ်ရာမတွေ့ရှိရသည့်အပြင် မြို့နယ်/ ရပ်ကျေးအစည်းအဝေးများသို့ အကြိမ်ကြိမ်တင်ပြတောင်းဆိုမှုရှိနေတဲ့အတွက် စိုးရိမ်ပူပန်နေကြတဲ့ ဒေသခံပြည်သူများရဲ့သောကကို စာနာမိပါသဖြင့် အခုလိုထပ်မံမေးမြန်းရခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြစ်ချောင်းပေါများတဲ့ ကျွန်တော်တို့နိုင်ငံမှာ မြစ်ရေတိုက်စားကမ်းပြိုမှု များဟာ မထူးဆန်းတဲ့ဖြစ်စဉ်ဖြစ်ပြီး စေတီပုထိုး၊ လမ်း၊ တံတား၊ စိုက်ပျိုးမြေများပျက်စီးဆုံးရှုံး နေရတဲ့ဖြစ်စဉ်များကို နိုင်ငံတစ်ဝန်းမှာကြုံတွေ့ခံစားနေရတာကို ကြားသိတွေ့မြင်နေကြရမှာ ဖြစ်ပါ

တယ်။ ထို့အတူပဲ ဝန်ကြီးဌာနကလည်း ဘတ်ဂျက်များလျာထားပြီး ဘတ်ဂျက်ရရှိမှုအပေါ် မူတည်ပြီး ဦးစားပေးအစီအစဉ်များနှင့် ဆောင်ရွက်ပေးနေသည်ကို တွေ့ရှိနေရမှာဖြစ်ပါတယ်။ သို့သော်လည်း ကျွန်တော်တို့ဒေသရဲ့ဖြစ်စဉ်ဟာ ဟိုပန်မြို့နှင့် ကွမ်းလုံမြို့ကို နယ်နိမိတ်အဖြစ် ဖြတ်သန်းစီးဆင်းနေတဲ့ နမ့်တိန်ချောင်းရှိ ဟိုပန်မြို့နယ်ဘက်ခြမ်းကို ဘတ်ဂျက်လျာထား ဆောင်ရွက်လိုက်တဲ့အခါမှာ ကွမ်းလုံမြို့နယ်ဘက်ခြမ်းကို ချောင်းရေပိုမိုတိုက်စားလာတဲ့အတွက် ဒေသခံများက ပိုမိုစိုးရိမ်ပူပန်နေကြတာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဘတ်ဂျက်အကန့်အသတ်နဲ့ ဆောင်ရွက်နေရတဲ့ ဝန်ကြီးဌာနရဲ့အခြေအနေနဲ့ ရေတိုက်စားလို့စိုက်ပျိုးမြေများဆုံးရှုံးပြီး စားဝတ်နေရေးခက်ခဲလာနိုင်တဲ့ ပြည်သူများရဲ့စိုးရိမ်သောကပူပန်နေရတဲ့အခြေအနေဟာ အမှန်တရားနှစ်ခု တိုက်ဆိုင်လာတဲ့အခြေအနေမျိုးပဲဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ကျွန်တော့်အနေနဲ့ သက်ဆိုင်ရာဝန်ကြီးဌာနက ကမ်းပြိုကာကွယ်မှုအစီအမံ ဆောင်ရွက်မထားသေးတဲ့ ကွမ်းလုံမြို့နယ်ဘက်ခြမ်းကို ယခင်ပြန်ကြားထားမှုအပေါ် မည်သို့စီမံဆောင်ရွက်ပေးသည်ကို သိရှိလိုသည်နှင့် နောက်ဆုံးဖြစ်ပေါ်နေသည့်အခြေအနေများကို ထပ်မံကွင်းဆင်းစစ်ဆေးတိုင်းတာပြီး အရေးတကြီးလိုအပ်နေသည့် နေရာများကို အမြန်ဆုံးဘတ်ဂျက်လျာထားဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးအထူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်ခင်ဗျား။ ရှမ်းပြည်နယ်၊ ကွမ်းလုံ

မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးယန်ကျင်းကန်၏ ကွမ်းလုံမြို့နယ်၊ ကုန်ညောင်ကျေးရွာ၊ ကောင်းကျဲကျေးရွာ၊ နမ့်ဟူးကျေးရွာ၊ နောင်ပန်ကျေးရွာများအနီး နမ့်တိန်ချောင်းရေတိုက်စားမှုကြောင့် နေရာကိုးနေရာကမ်းပြိုမှုဖြစ်ပေါ်ပြီး ဒေသခံများ၏ စိုက်ပျိုးမြေများ တိုက်စားဆုံးရှုံးနေမှုကို သက်ဆိုင်ရာဝန်ကြီးဌာနက ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ မည်သို့စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်းအပေါ် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ကိုယ်စားပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဂျွန်တော် ဦးကျော်မျိုးက ပြန်လည်ဖြေကြားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကိုယ်စားလှယ်တော်ကြီးတင်ပြသွားတဲ့အတိုင်းပဲ လားရှိုးခရိုင်၊ ကွမ်းလုံမြို့နယ်နှင့် ဟိုပန်ခရိုင်၊ ဟိုပန်မြို့နယ်တို့ကို ပိုင်းခြားထားတဲ့ နမ့်တိန်ချောင်းရေတိုက်စားမှုကြောင့် ချောင်းကမ်းပါးပြိုကျပြီး နှစ်စဉ်စိုက်ပျိုးမြေကေများ ဆုံးရှုံးမှုဖြစ်ပေါ်နေခြင်းကြောင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၁၂)ရှမ်းပြည်နယ်ရုံးက နမ့်တိန်ချောင်းတစ်လျှောက် ကမ်းပါးပြိုမှုအခြေအနေများကို ၂၀၁၈ ခုနှစ်၊ မတ်လ ၃၀ ရက်နှင့် ၃၁ ရက်နေ့များတွင် အသေးစိတ်ကွင်းဆင်းတိုင်းတာခဲ့ပါတယ်။ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရှမ်းပြည်နယ်ရုံးက ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်ကတည်းက ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ ခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၄၀၀ နဲ့ ဟိုပန်မြို့နယ်၊ မော်ဟွေ့ကျေးရွာအုပ်စု၊ ဟင်းနားကျေးရွာအနီး နမ့်တိန်ချောင်း ရေတိုက်စားမှုကာကွယ်ရေးအတွက် ကျောက်စီမြေထိန်းနံရံ အလျားပေ ၂၆၀၀ တည်ဆောက်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသွားတဲ့အတိုင်းပဲ အဲဒီလုပ်ငန်းတွေဆောင်ရွက်နေစဉ်မှာ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလနှင့် မတ်လအတွင်းက ကွမ်းလုံမြို့နယ်ဘက်က ဒေသခံပြည်သူတွေက မိမိတို့ဘက်ခြမ်းအတွက်ကို စိုးရိမ်ပူပန်မှုများကြောင့် ကန့်ကွက်ပြောဆိုမှုများရှိခဲ့ပါတယ်။ ဌာနကလည်းဆောင်ရွက်တဲ့ ကမ်းပြို

ကာကွယ်ရေးအစီအမံများကို အဆိုပါဒေသနေပြည်သူများအနေနဲ့ နားလည်လက်ခံစေရေးအတွက် ဒေသအုပ်ချုပ်ရေးအဖွဲ့များက ရှင်းလင်းဆောင်ရွက်ခဲ့ရခြင်း ရှိခဲ့ပါတယ်။

၂၀၁၈ ခုနှစ် မတ်လအတွင်းက ကွမ်းလုံမြို့နယ်၊ နောင်ပန်ကျေးရွာ၊ ကောင်းကျဲကျေးရွာ၊ ကုန်းညောင်ကျေးရွာ၊ နမ့်ဟူးကျေးရွာတို့ရဲ့ နေရာကိုးနေရာမှာ ခုနက ကိုယ်စားလှယ်တော်ကြီးလည်း တင်ပြသွားပါတယ်။ စုစုပေါင်းအလျားပေ ၁၂၈၀၀ မှာ နမ့်တိန်ချောင်းရေတိုက်စားမှုကာကွယ်ရေး လုပ်ငန်းဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိတဲ့အတွက် ခန့်မှန်းကုန်ကျစရိတ်ကိုလည်း ကျပ် ၂၈၆၆.၇ သန်း တွက်ချက်ရရှိတဲ့အခါမှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ကို တင်ပြခဲ့ပါတယ်။ ရှမ်းပြည်နယ် အစိုးရအဖွဲ့ကလည်း မိမိတို့ရှမ်းပြည်နယ်အတွင်းဆောင်ရွက်ရန်ရှိတဲ့ ကမ်းပြိုကာကွယ်ရေးနှင့် ရေလွှမ်းမိုးမှုကာကွယ်ရေးလုပ်ငန်း ၅၉ ခု ဦးစားပေးစာရင်းရဲ့ အမှတ်စဉ်(၁၇)၊ (၂၀)၊ (၂၁)၊ (၂၃)နှင့် (၂၆)တို့အသီးသီးမှာပါရှိပြီး ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်မှစတင်ပြီး ခွင့်ပြုရန်ပုံငွေရရှိရေး လျာထား တင်ပြ၍ ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှမ်းပြည်နယ်အစိုးရ အဖွဲ့ကိုယ်စား ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**နိုင်ငံတော်အစိုးရမှ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဖောက်ဖျက်သည့် ယာဉ်များကို အရေးယူ ဆောင်ရွက်ရာတွင် လွယ်ကူချောမွေ့လျင်မြန်စေရန်နှင့် ပွင့်လင်းမြင်သာမှုရှိစေရန်(Digital Payment System)ဖြင့် ပြောင်းလဲဆောင်ရွက်ရန်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းငေါင်းဆိုင်ဟိန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းငေါင်းဆိုင်ဟိန်း(မောက်မယ်မဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မောက်မယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းငေါင်းဆိုင်ဟိန်း ဖြစ်ပါတယ်။ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဖောက်ဖျက်တဲ့ယာဉ်များကို အရေးယူဆောင်ရွက်ရာ

တွင် လွယ်ကူလျင်မြန်စေရန်နှင့် ပွင့်လင်းမြင်သာမှုရှိစေရန်(Digital Payment System)ဖြင့် ပြောင်းလဲဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိမေးခွန်းနဲ့စပ်လျဉ်းပြီး မေးမြန်းခွင့်တောင်းခံအပ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လက်ရှိအခြေအနေအရ ကျွန်တော်တို့နိုင်ငံမှာ မော်တော်ဆိုင်ကယ်နှင့် မော်တော်ကားအသုံးပြုမှုနှုန်းထားများ တဖြည်းဖြည်းတိုးတက် များပြားလာပြီဖြစ်ပါတယ်။ ထို့နည်းအတူ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဖောက်ဖျက်သည့်ယာဉ်များ၊ မှုခင်းဖြစ်ပွားတဲ့ယာဉ်များလည်း နေ့စဉ်နှင့်အမျှ မြင်တွေ့ကြားသိနေရပါတယ်။ မြို့ကြီးတွေမှာဆိုရင် နေ့စဉ် ရာဂဏန်း၊ ထောင်ဂဏန်းအဆင့်အထိ ရှိနေတက်ပါတယ်။ နိုင်ငံတော်မှ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဖောက်ဖျက်ကျူးလွန်သည့်ယာဉ်များကို နည်းပညာမြင့်ကင်မရာဖြင့်ရိုက်ကူးကာ ဗဟိုထိန်းချုပ်ရေးစင်တာ Traffic Control Center မှ မှတ်တမ်းတင်အရေးယူရန်ဆောင်ရွက် စီစဉ်နေတယ်ဆိုတာကိုလည်း သိရှိရပါတယ်။ မော်တော်ယာဉ်နှင့်ပတ်သက်၍ Online ဖြင့်ချိတ်ဆက်ပြီး ယာဉ်သက်တမ်းတိုးမြှင့်ခြင်း၊ ယာဉ်မောင်းလိုင်စင်လျှောက်ထားခြင်း စတဲ့ကိစ္စတွေကို လွယ်ကူလျင်မြန်အောင်လည်း စတင်ဆောင်ရွက်နေတာကို တွေ့ရှိရပါတယ်။ အခုက ဆောင်ရွက်သင့်တဲ့လုပ်ငန်းကတော့ ဒဏ်ကြေးဆောင်တဲ့စနစ်၊ Digital Payment System စနစ်နဲ့ အမြန်ဆုံးလုပ်ဆောင်ဖို့လိုအပ်နေတာဖြစ်ပါတယ်။ နေ့စဉ်များပြားလှတဲ့ ယာဉ်စည်းကမ်း ဖောက်ဖျက်တဲ့ယာဉ်တွေကို အမှုစွဲတင်တဲ့နေရာမှာ နှစ်ဦးနှစ်ဖက်ပွင့်လင်းမြင်သာမှု၊ လွယ်ကူလျင်မြန်ချောမွေ့မှုရှိစေရေးအတွက် ဒီစနစ်က အများကြီးအထောက်အပံ့ပေးနိုင်မှာဖြစ်ပါတယ်။ တစ်ဖက်တစ်လမ်းကလည်း အကျင့်ပျက်ခြစားမှုတွေကို အကာအကွယ်ပြုပေးနိုင်မှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဖောက်ဖျက်ကျူးလွန်သည့်ယာဉ်များကို အရေးယူဆောင်ရွက်ရာတွင် နိုင်ငံတော်မှ မလွဲမသွေဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ်တစ်ရပ်အဖြစ် အောက်ပါမေးခွန်းကို မေးမြန်းအပ်ပါတယ်။ နိုင်ငံတော်အစိုးရမှ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဖောက်ဖျက်သည့်ယာဉ်များကို အရေးယူဆောင်ရွက်ရာတွင် လွယ်ကူချောမွေ့လျင်မြန်စေရန်နှင့်

ပွင့်လင်းမြင်သာမှုရှိစေရန်(Digital Payment System)ဖြင့် ပြောင်းလဲဆောင်ရွက်ရန်အစီအစဉ်ရှိ/မရှိ နှင့် မည်သည့်ကာလတွင် အပြီးသတ်ဆောင်ရွက်နိုင်မည်ကို သိရှိလိုပါတယ်။ ကျေးဇူးတင်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ အားလုံး ခင်ဗျား။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မောက်မယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝေါ်င်းဆိုင်ဟိန်း၏ နိုင်ငံတော်အစိုးရက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဖောက်ဖျက်သည့် ယာဉ်များကို အရေးယူဆောင်ရွက်ရာမှာ လွယ်ကူချောမွေ့လျင်မြန်စေရန်နှင့် ပွင့်လင်းမြင်သာမှု ရှိစေရန် (Digital Payment System)ဖြင့် ပြောင်းလဲဆောင်ရွက်ရန်အစီအစဉ်ရှိ/မရှိနှင့် မည်သည့် ကာလတွင် အပြီးသတ်ဆောင်ရွက်နိုင်မည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းတဲ့မေးခွန်းအပေါ် ပြည်ထဲရေး ဝန်ကြီးဌာနနှင့် ပေါင်းစပ်ညှိနှိုင်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ပြန်လည် ဖြေကြား မှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်(၆)ဖြင့် ၂၆-၅-၂၀၂၀ ရက်နေ့မှာ ပြဋ္ဌာန်းခဲ့တဲ့ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေရဲ့ အခန်း(၁၁)မှာ စည်းကမ်း ထိန်းသိမ်းခြင်းနှင့် အရေးယူခြင်း၊ အခန်း(၁၃)မှာ တားမြစ်ချက်များ၊ အခန်း(၁၄)မှာ ပြစ်ဒဏ်များကို အသီးသီးပြဋ္ဌာန်းထားသဖြင့် အဆိုပါ ပြဋ္ဌာန်းချက်များနှင့်အညီ တားမြစ်ချက်များကို ဖောက်ဖျက် ကျူးလွန်ပါက အရေးယူ ဆောင်ရွက်ခြင်း၊ ပြစ်ဒဏ်ချမှတ်ခြင်း၊ ဒဏ်ကြေးပေးဆောင်ခြင်းများ ဆောင်ရွက်ရပါတယ်။ ထို့အတွက်ကြောင့် နေပြည်တော်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက်

အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ မြန်မာနိုင်ငံမီးသတ် တပ်ဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် မော်တော်ယာဉ်ကြီးကြပ်ထိန်းသိမ်းမှုကော်မတီ များပါဝင်တဲ့ ပူးပေါင်းစစ်ဆေးရေးအဖွဲ့များဖွဲ့စည်း၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ပညာပေးခြင်း၊ စစ်ဆေးခြင်း၊ ထိန်းကျောင်းကြပ်မတ်အရေးယူခြင်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါတယ်။ ထိုသို့ဆောင်ရွက်ရာမှာ စည်းကမ်းဖောက်ဖျက်သူများကို ပြည်ထဲရေးဝန်ကြီးဌာန၊ ယာဉ်ထိန်းရဲတပ်ဖွဲ့က ဥပဒေနှင့်အညီ အမှုတည်ဆောက်ပြီး တရားစွဲဆိုရန်အတွက် သက်ဆိုင်ရာတရားရုံးသို့ တင်ပြရပါတယ်။ သက်ဆိုင်ရာတရားရုံးက ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေရဲ့ အခန်း(၁၄)ပါ ပြစ်ဒဏ်များအလိုက် အမိန့်ချမှတ်၍ တရားရုံးတွင်သာ ဒဏ်ကြေးပေးဆောင်စေပြီး သက်ဆိုင်ရာတရားရုံးက ဒဏ်ကြေးငွေများကိုစုစည်း ပြီးတော့ သက်ဆိုင်ရာမြန်မာ့စီးပွားရေးဘဏ်သို့ ပေးသွင်းရပါတယ်။

အထက်ဖော်ပြပါ လုပ်ထုံးလုပ်နည်းအရ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြဋ္ဌာန်းနိုင်ရေးအတွက် ဥပဒေကို ကနဦးရေးဆွဲရတဲ့ဌာနဖြစ်ပြီး အဓိကအားဖြင့် ဥပဒေပါ ယာဉ်အန္တရာယ်ကင်းရှင်းရေးဆိုင်ရာ သတ်မှတ်ပြဋ္ဌာန်းချက်များကို စီမံခန့်ခွဲရတဲ့ဌာနဖြစ်ပါတယ်။ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဖောက်ဖျက်သူများကို အရေးယူရန်ကိစ္စကတော့ ပြည်ထဲရေးဝန်ကြီးဌာန၊ ယာဉ်ထိန်းရဲတပ်ဖွဲ့က ရှေ့မှာတင်ပြခဲ့တဲ့ လုပ်ထုံးလုပ်နည်းအတိုင်း တရားရုံးသို့တရားစွဲဆိုတင်ပြရတာဖြစ်ပါတယ်။ အဲဒီလို တင်ပြတဲ့အမှုအပေါ်မှာ တရားသူကြီးက ကြားနာ၍ ဥပဒေချိုးဖောက်သူကိုယ်တိုင်ကို ပြစ်ဒဏ်အလိုက် အမိန့်ချမှတ်၍ ဒဏ်ကြေးငွေပေးဆောင်စေခြင်းမှာ သက်ဆိုင်ရာတရားရုံးများတွင်သာ ဆောင်ရွက်ရသည့်ကိစ္စဖြစ်ပါကြောင်းနှင့် ယင်းသို့ဒဏ်ကြေးငွေပေးဆောင်စေခြင်းကို Digital Payment System ဖြင့် ပြောင်းလဲဆောင်ရွက်ရန် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ပြည်ထဲရေးဝန်ကြီးဌာနတို့အနေနဲ့

ဆောင်ရွက်ရန် အစီအစဉ်မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**နှစ်ပေါင်း(၉၀)ကျော်သက်တမ်းရှိသည့် ဧရာဝတီမြစ်ကူးတံတားဖြစ်သော စစ်ကိုင်းတံတား(အင်းဝ) အား ဆေးအသစ်သုတ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ စစ်ကိုင်းမဲဆန္ဒနယ်မှ ဦးခင်မောင်သိန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးခင်မောင်သိန်း(စစ်ကိုင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ မေးခွန်းမမေးမီ သက်ဆိုင်ရာ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနကိုလည်း ကျေးဇူးတင်ပါကြောင်း ကြိုတင်ပြောကြားလိုပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးကို မီးရထားလမ်း၊ ကားလမ်းဆက်သွယ်ပေါင်းကူးပေးထားတဲ့ ဧရာဝတီမြစ်ကူး စစ်ကိုင်းတံတား(အင်းဝ)ကို ၁၉၂၇ ခုနှစ်မှာ အင်္ဂလိပ်အစိုးရ မြန်မာနိုင်ငံရဲ့ဘုရင်ခံ Sir. Harcourt Butler က အုတ်မြစ်ချခဲ့တယ်လို့ သိရပါတယ်။ ၁၉၃၄ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်နေ့မှာ ဘုရင်ခံ Sir. Hugh Stevenson က တံတားကြီးကို ဖွင့်လှစ်ပေးခဲ့တယ်လို့လည်း သိရပါတယ်။ အင်းဝတံတား(ခေါ်)စစ်ကိုင်းတံတားကြီးကျေးဇူးကြောင့် ၇၂၄ မိုင်ရှည်တဲ့ ရန်ကုန်-မြစ်ကြီးနား မီးရထားလမ်းဟာ မန္တလေးမြို့မှတစ်ဆင့် အကြားအလပ်မရှိ ဒိုးယိုပေါက်ဆက်သွယ်နိုင်ခဲ့ပါတယ်။ ဒုတိယကမ္ဘာစစ်အတွင်းက ဂျပန်အဝင်၊ အင်္ဂလိပ်အပြေး ၁၉၄၂ ခုနှစ်၊ ဧပြီလ ၃ ရက်နေ့ညမှာ စစ်ပြေးအင်္ဂလိပ်က တံတားကြီးကို မိုင်းခွဲဖျက်ဆီးခဲ့လို့ ခုံးအမှတ်(၇)နှင့် ခုံးအမှတ်(၈)မှာ ဧရာဝတီမြစ်အတွင်း ကျိုးကျပျက်စီးခဲ့ရပါတယ်။ နိုင်ငံတော်လွတ်လပ်ရေးရခဲ့သော်လည်း တံတားကြီးကို ချက်ချင်းပြင်ဆင်နိုင် သေးခြင်းမရှိဘဲ စစ်ကိုင်းဆိပ်ကမ်းနှင့် မန္တလေးဘက် အမရပူရ

စံရွှေးဆိပ်ကမ်းကို ကူးတို့များ၊ ဇက်များဖြင့် ကူးခဲ့ကြရတယ်လို့ သိရပါတယ်။ ၁၉၅၃ ခုနှစ် မေလကျမှသာ ဝန်ကြီးချုပ်ဦးနုကိုယ်တိုင် စစ်ကိုင်းတံတားကြီးကို ကိုယ်တိုင်ကြပ်မတ်၍ မြန်မာအမျိုးသားအလုပ်သမားများဖြင့် ပြုပြင်ခဲ့ပြီး ၁၉၅၄ ခုနှစ် အောက်တိုဘာလမှာ နိုင်ငံတော်သမ္မတကြီးဒေါက်တာဘဦးက ပြန်လည်ဖွင့်လှစ်ခဲ့တယ်လို့ လေ့လာသိရှိရပါတယ်။ ယခုအခါ စစ်ကိုင်းတံတားကြီးမှာ သက်တမ်းကြာခဲ့ပြီဖြစ်သော်လည်း စစ်ကိုင်းတိုင်းဒေသကြီးနှင့် မီးရထားဝန်ကြီးဌာနတို့ရဲ့ဂုဏ်ကျက်သရေဆောင် ရှေးဟောင်းတံတားကြီးအဖြစ် တည်ရှိနေပါတယ်။ ကမ္ဘာလှည့်ခရီးသွားများကလည်း စိတ်ဝင်စားကြပြီး အနီးအနားရှိ သမိုင်းဝင်သပြေတန်းခံတပ်နှင့် တံတားကြီးပေါ်ကို လေ့လာခြင်း၊ မှတ်တမ်းဓာတ်ပုံရိုက်ခြင်းများ နေ့စဉ်နှင့်အမျှရှိနေပါတယ်။ တံတားကြီးသက်တမ်းမှာ နှစ်ပေါင်း ၉၀ ကျော်ကြာခဲ့ပြီး တန်ချိန်များသောယာဉ်များ ဖြတ်သန်းခွင့်မပြုတော့ဘဲ မီးရထားနှင့်ယာဉ်ငယ်များသာ ဖြတ်သန်းခွင့်ပြုထားသည့်အနေအထားသို့ ရောက်ရှိနေပြီ ဖြစ်ပါတယ်။ သို့ပါ၍ တည်ဆောက်ချိန် ခုနစ်နှစ်ကြာခဲ့ပြီး ပန္နက်ရိုက်ချိန်မှစတွက်လျှင် သက်တမ်း ၉၃ နှစ်၊ ဖွင့်လှစ်ချိန်မှစတွက်လျှင် သက်တမ်း ၈၆ နှစ်ရှိ အင်းဝတံတား သို့မဟုတ် စစ်ကိုင်းတံတားကြီးမှာ ဆေးများပျက်ပြယ်နေသည်ကို မည်သည့်အချိန်တွင် ပြန်လည်သုတ်ပေးမည်ကို သိရှိလိုပါကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး ခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်

ဦးခင်မောင်သိန်း၏စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးသို့ ဆက်သွယ်ထားတဲ့ နှစ်ပေါင်း ၉၀ ကျော် သက်တမ်းရှိ ဧရာဝတီမြစ်ကူးတံတားကြီး စစ်ကိုင်းတံတားကြီး(အင်းဝ)ဟာ ဆေးအရောင်များ ပျက်ပြယ်ကွာကျမှေးမှိန်ပြီး ကမ္ဘာလှည့်ခရီးသွားများ အမြင်မတော်ဖြစ်နေပါ၍ ဆေးအသစ်သုတ်ရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်းနှင့် မည်သည့်အချိန်တွင် ဆေးသုတ် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်းနှင့်စပ်လျဉ်းတဲ့မေးခွန်းအပေါ် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ပြန်လည်ဖြေကြားမှာ ဖြစ်ပါတယ်။ ဧရာဝတီမြစ်ကူးတံတားကြီး စစ်ကိုင်းတံတား(အင်းဝ)ရဲ့အရှည်ဟာ ၃၉၄၈ ပေရှိပြီး ရေလယ်တိုင် ၁၅ တိုင်၊ ပေ ၆၀ တံတားပေါင် ခြောက်ခုနှင့် မန္တလေးဘက်မှ ပေ ၃၅၀ အရှည် ခုံးကိုးခု၊ ပေ ၂၅၀ အရှည် ခုံးတစ်ခု စုစုပေါင်း ခုံး ၁၀ ခု ရှိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြု၍ ရှင်းလင်းတင်ပြခွင့်ပြုပါ ခင်ဗျား။ ယခင်က ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားက ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ တံတားကြီးရဲ့ ပေ ၂၅၀ အရှည်ရှိတဲ့ ခုံးအမှတ်(၁၀)ကို ခွင့်ပြုရန်ပုံငွေကျပ် ၄.၈၃၄ သန်း ကျခံသုံးစွဲ၍ ဆေးသုတ်ပြုပြင်မွမ်းမံခြင်းများ ဆောင်ရွက်ခဲ့ပါတယ်။ တစ်ဖန် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ မြန်မာ့မီးရထားက စုစုပေါင်း ခွင့်ပြုရန်ပုံငွေကျပ် ၅၃.၃၉၃ သန်းကျခံသုံးစွဲ၍ တံတားကြီးရဲ့ ခုံးအမှတ်(၅)၊ ခုံးအမှတ်(၆)၊ ခုံးအမှတ်(၈)နှင့် ခုံးအမှတ်(၉) စုစုပေါင်းခုံးလေးခုနှင့် ကမ်းကပ်ခုံနှစ်ခု၊ ရေလည်တိုင် ၁၅ တိုင်ကို ဆေးသုတ်ပြုပြင်မွမ်းမံခြင်းများ ဆောင်ရွက်ခဲ့ပါတယ်။ ဒါကတော့ တင်ပြခဲ့တဲ့ ခုံးအမှတ်(၈)ရယ်၊ ခုံးအမှတ်(၉)ရယ် ဆေးသုတ်ထားတဲ့အနေအထားဖြစ်ပါတယ်။ ဒါကတော့ ရေလည်တိုင်တွေကို ဆေးသုတ်ခဲ့တဲ့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ဆေးသုတ်ခဲ့တဲ့အနေအထား ဖြစ်ပါတယ်ခင်ဗျား။ မြန်မာ့မီးရထားအနေနဲ့ ရန်ပုံငွေခွဲဝေလျာထားမှုအခြေအနေအရ စစ်ကိုင်းတံတားကြီးကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အထိ ဆေးသုတ်မွမ်းမံနိုင်ခဲ့ခြင်းမရှိပါဘူး။ ယခုလက်ရှိ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ တံတားကြီးရဲ့ခုံးအမှတ်(၃)နှင့်

ခုံးအမှတ်(၇)တို့ကို ဆေးသုတ်မွမ်းမံခြင်းလုပ်ငန်းတို့အတွက် လုပ်ငန်းတန်ဖိုးကျပ် ၂၅.၆၂ သန်းဖြင့် တင်ဒါအောင်မြင်ခဲ့တဲ့ ဝင်းထီလာကုမ္ပဏီက မြန်မာ့မီးရထားနှင့် ၃၀-၄-၂၀၂၀ ရက်နေ့မှာ လုပ်ငန်းစာချုပ်ချုပ်ဆိုပြီး ၂-၆-၂၀၂၀ ရက်နေ့မှစပြီး ချေးချွတ်ခြင်း၊ ဆေးသုတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီးတော့ ၂၇-၇-၂၀၂၀ ရက်နေ့အထိ ၇၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီ ဖြစ်ပါတယ်။ ဆောင်ရွက်ရန်ကျန်ရှိတဲ့ စစ်ကိုင်းတံတားရဲ့ ခုံးအမှတ်(၁)၊ ခုံးအမှတ်(၂)၊ ခုံးအမှတ်(၄) စုစုပေါင်း ခုံးသုံးခုနှင့် ရေလည်တိုင်များ၊ သံပေါင်များကို ဆေးသုတ်မွမ်းမံခြင်းလုပ်ငန်းများအတွက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်လျာထားချက်မှာ ပါဝင်ခြင်းမရှိသဖြင့် ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်မှာ ဆောင်ရွက်ရန်ကျန်လုပ်ငန်းများကို ထည့်သွင်းလျာထားပြီး ရန်ပုံငွေခွင့်ပြုချက်ရရှိပါက ဆက်လက်ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဆီဆိုင်မြို့နယ် ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ နားလွယ်ရွာမှ ပန်းညင်၊ ဖိုင်ကွမ်း၊ ဖိုင်လင်းထိ ကျန်ရှိသောလမ်းပိုင်းနှစ်မိုင်အား ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဆီဆိုင်မဲဆန္ဒနယ်မှ ဦးခွန်သန်းထူး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးခွန်သန်းထူး(ဆီဆိုင်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်ဝင် ဒုတိယဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်မဲဆန္ဒနယ် ဆီဆိုင်မြို့နယ်မှာ မြို့ပေါ်ခြောက်ရပ်ကွက်၊ ကျေးရွာအုပ်စု ၁၃ ခု၊ ကျေးရွာပေါင်း ၃၂၂ ရွာနှင့်ဖွဲ့စည်းထားပြီးတော့ လူဦးရေတစ်သိန်းခွဲကျော် နေထိုင်လျက်ရှိကြပါတယ်။ နေထိုင်တဲ့ပြည်သူအများစုဟာ စိုက်ပျိုးရေးလုပ်ငန်းကို အဓိကအားထားလုပ်ကိုင်ကြပြီးတော့

မွေးမြူရေးကို တစ်ပိုင်တစ်နိုင် တွဲဖက်လုပ်ကိုင်လျက်ရှိကြတာ တွေ့ရှိရပါတယ်။ ကျေးရွာတော်တော်များများ လမ်းပန်းဆက်သွယ်ရေးမကောင်းခြင်းကြောင့် ဒေသနေတောင်သူလယ်သမားများရဲ့ ထွက်ကုန်သီးနှံများ ဈေးကွက်သို့သယ်ယူပို့ဆောင်ရာတွင် စရိတ်စကကြီးမားစွာကုန်ကျသည့်အတွက် တောင်သူများရဲ့ဝင်ငွေကို ကြီးမားသောဝန်ထုပ်ဝန်ပိုးဖြစ်စေလို့ ကျေးလက်နေပြည်သူများ လူမှုဘဝဖွံ့ဖြိုးတိုးတက်မှုအတွက် ကြီးမားသောအဟန့်အတားများစွာထဲက တစ်ခုဖြစ်လျက်ရှိပါတယ်။ အဘက်ဘက်ကနိမ့်ကျနေတဲ့ ကျေးလက်နေပြည်သူများအတွက် ပညာရေး၊ ကျန်းမာရေး၊ လမ်း၊ လျှပ်စစ်မီးနဲ့ ရေကိစ္စများအတွက် သက်ဆိုင်ရာဌာနများမှ ဘဏ္ဍာငွေကို ဒီထက်မက ပိုမိုလျာထားသုံးစွဲသင့်နေပြီဖြစ်ကြောင်း တွေ့ရှိရမှာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ယခုမေးမြန်းတဲ့ ကျေးလက်လမ်းဟာ ဘန်းယဉ်ကျေးရွာအုပ်စုအနောက်ခြမ်းနဲ့ ပုံအင်းကျေးရွာအုပ်စုဆက်သွယ်ထားသော လယ်ကွင်းများကြားမှာ ရေးနှစ်များစွာကတည်းက ဒေသခံပြည်သူများက ဖောက်လုပ်ထားသော လမ်းတစ်လမ်းဖြစ်ပါတယ်။ ထို့အပြင် တောင်ကြီး၊ ဟိုပုန်း၊ ဆီဆိုင် နယ်မြေဆက်စပ်လျက်ရှိပြီး ကြီးမားကျယ်ပြန့်တဲ့ ဟိုပုန်းချိုင့်ဝှမ်းလွင်ပြင်ဒေသလည်း ဖြစ်ပါတယ်။ နန့်သဘက်ချောင်းက မြောက်မှတောင်သို့ ဖြတ်သန်းစီးဆင်းရာဒေသဖြစ်သည့်အပြင် နာမည်ကြီးလှတဲ့ နောင်မွန်၊ ပုန်အင်း၊ ခေါက်နန်းခမ်းမှ ဆန်ထွက်ရှိပြီးတော့ ရှမ်းတိုင်းရင်းသားများနေထိုင်ရာဒေသဖြစ်ပါတယ်။ အဲဒီ ကျေးလက်လမ်းဟာ တောင်ငူ-လွိုင်ကော်-ဟိုပုန်းပြည်ထောင်စုလမ်းမှ မိုင်တိုင်(၁၉၄)ရှိ ဘန်းယဉ် ကျေးရွာအုပ်စု နားလွယ်ရွာမှ ပန်းညင်၊ ဖိုင်ကွမ်း၊ ဖိုင်လင်း၊ ပုန်အင်းကျေးရွာအုပ်စု နောင်စန့်ရွာ၊ ပန်လင်ရွာတို့ကို ချိတ်ဆက်ထားသောလမ်းဖြစ်ပါတယ်။ ဒေသနေပြည်သူ အဓိကကူးလူးဆက်သွယ် သွားလာရာတွင်လည်းကောင်း၊ ထွက်ကုန်ထုတ်ရာတွင်လည်းကောင်း အသုံးပြုလျက်ရှိတဲ့လမ်း တစ်လမ်းဖြစ်ပါတယ်။ နန့်တဘက်ချောင်းကိုဖြတ်ကျော်ပြီး အနောက်ဘက်ကမ်း တောင်ကြီးမြို့နယ်မှ ကျေးရွာပေါင်း ၂၀ ခန့်က စိုက်ပျိုးတောင်သူများ မှီခိုသွားလာသော လမ်းတစ်လမ်းလည်း ဖြစ်ပါတယ်။ လူဦးရေ ၁၈၀၀၀ ခန့်ကို

အကျိုးပြုလျက်ရှိတဲ့လမ်းလည်း ဖြစ်ပါတယ်။ ၎င်းလမ်းပေါ်ရှိ အရှည်ပေ ၁၀၀ ရှိ နန့်တဘက်ချောင်း ကူးတံတားကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင်လည်းကောင်း၊ သွားလာမှုပိုမိုခက်ခဲသည့် အတွင်းပိုင်းကျသော ဖိုင်လင်း-နောင်စန့်ကျေးရွာအထိ သုံးမိုင် ကျောက်ချောလမ်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဆောင်ရွက်ပေးခဲ့ပေမဲ့ ပြည်ထောင်စုလမ်းမမှ ဖိုင်လင်းရွာအထိ ကျန်ရှိနေသေးသောလမ်းနှစ်မိုင်မှာ ယခုအခါ ပိုမို ပျက်စီးလာပြီး မိုးရာသီတွင် ရွှံ့အိုင်ကြီးများဖြစ်ပေါ်၍လည်းကောင်း၊ နွေရာသီတွင် ချိုင့်ခွက်ကြီးများ ဖြစ်ပေါ်လျက်ရှိပါတယ်။ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်နေ့တွင် ဒေသခံပြည်သူများနဲ့ သွားရောက်တွေ့ဆုံရာတွင် တွေ့မြင်ခဲ့ရပြီး ဒေသခံတောင်သူများနဲ့ ကျေးရွာတာဝန်ရှိသူများက သွားလာရာတွင် ခက်ခဲကြမ်းတမ်းတဲ့ ကျန်ရှိတဲ့လမ်းပိုင်းနှစ်မိုင်အား အမြန်ဆုံးဆက်လက်ချထား ဆောင်ရွက်ပေးနိုင်ဖို့ တင်ပြမေးမြန်းပေးပါရန် အသိပေးပြောကြားလာလို့ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်နေ့ ပြည်သူ့လွှတ်တော်(၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် ကြယ်ပွင့်ပြမေးခွန်းကို ပေးပို့ခဲ့တာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ၂၀၁၅-၂၀၁၆ ခုနှစ်မှ ယခုနှစ်အထိ တစ်ပိုင်းတစ်စကျန်ရှိနေသေးသော လမ်းပိုင်းနှစ်မိုင်နှင့် တံတားငယ်လေးစင်းအား ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းဆောင်ရွက်ပေးနိုင်ပါရန်နှင့် ဆက်လက်ဆောင်ရွက်ပေးမည့်အစီအစဉ်ကို သိရှိလိုပါသဖြင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း

နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ရှမ်းပြည်နယ်၊ ဆီဆိုင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခွန်သန်းထူး မေးမြန်းထားသော ဆီဆိုင်မြို့နယ် ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ နားလွယ်ရွာမှ ပန်းညင်၊ ဖိုင်ကွမ်း၊ ဖိုင်လင်းထိ ကျန်ရှိသော လမ်းပိုင်းနှစ်မိုင်အား ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းဆောင်ရွက်ပေးနိုင်ပါရန်နှင့် ဆက်လက်ဆောင်ရွက်ပေးမည့်အစီအစဉ်ရှိ/မရှိ သိရှိလိုခြင်းနှင့်စပ်လျဉ်းတဲ့မေးခွန်းအား ဖြေကြားသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်၊ ဆီဆိုင်မြို့နယ်ရှိ ဘန်းယဉ်ကျေးရွာအုပ်စု၊ နားလွယ်-ပန်းညင်-ဖိုင်ကွမ်း-ဖိုင်လင်း-နမ့်ကွတ်-နောင်စန့်လမ်းအရှည် ၄/၇ မိုင်သည် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲသောလမ်း ဖြစ်ပါတယ်။ လက်ရှိအခြေအနေကတော့ ကျောက်ချောလမ်းသုံးမိုင်နှင့် ဒေသခံပြည်သူများမှ ကိုယ်ထူကိုယ်ထဖောက်လုပ်ထားသော မြေသားလမ်း ၁/၇ မိုင်တို့ရှိပြီးတော့ ကျေးရွာငါးရွာ၊ အိမ်ခြေပေါင်း ၂၉၂ အိမ်နှင့် လူဦးရေပေါင်း ၁၇၀၀ ကျော်တို့ကို အကျိုးပြုတဲ့လမ်းဖြစ်ပါတယ်။ ဆီဆိုင်မြို့နယ်၊ ဘန်းယဉ်ကျေးရွာအုပ်စုအတွင်းရှိ နားလွယ်-ပန်းညင်-ဖိုင်ကွမ်း-ဖိုင်လင်း-နမ့်ကွတ်-နောင်စန့်ကျေးရွာချင်းဆက်လမ်းသည် လမ်းအဆင့်သတ်မှတ်ချက် Class(A)ဦးစားပေးအဆင့်(၁)လမ်းမှာပါဝင်ပြီးတော့ ယခုလက်ရှိ ကျန်ရှိနေတဲ့ မြေသားလမ်း ၁/၇ မိုင် ကျန်ရှိပါတယ်။ ဒါကိုကျောက်ချောလမ်းခင်းဖို့အတွက် ယခု ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ အထွေထွေပိုလျှံရန်ပုံငွေ(GRF)ဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

**Third Party များ၏ ဖွဲ့စည်းပုံတာဝန်ယူမှု၊ တာဝန်ခံမှုများနှင့် မည်သည့်မူဝါဒ၊ လမ်းညွှန်ချက်များဖြင့် ဆောင်ရွက်နေသည်ကိုသိလိုခြင်း နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လယ်ဝေးမဲဆန္ဒနယ်မှ ဦးမျိုးဇော်ဦး မေးမြန်းဖို့ဖြစ်ပါတယ်။

**မူကြမ်း**

**ဦးမျိုးဇော်ဦး (လယ်ဝေးမဲဆန္ဒနယ်)။** ။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဦးစွာပဏာမ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ လယ်လဝေးမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမျိုးဇော်ဦးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ တည်ဆောက်ရေးလုပ်ငန်းတွေမှာ လုပ်ငန်းပိုင်းဆိုင်ရာ အရည်အသွေးစစ်ဆေးတဲ့ အဖွဲ့ဖြစ်တဲ့ Third Party များနဲ့စပ်လျဉ်းပြီး မေးခွန်း မေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ လက်ရှိ ပြည်သူ့အစိုးရလက်ထက် လေးနှစ်ကျော်ကာလအတွင်းမှာပဲ ပြည်သူများရဲ့ လူမှုစီးပွားဘဝတွေ အဘက်ဘက်ကနေ ဖွံ့ဖြိုး တိုးတက်လာစေဖို့အတွက်ရည်ရွယ်ပြီး လမ်း၊ တံတား၊ အဆောက်အဦစတဲ့လုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေးအပါအဝင် မီးလင်းရေးလုပ်ငန်းများ နိုင်ငံတစ်ဝန်းလုံးမှာ အကောင်အထည်ဖော် ပေးနေတာ အားလုံးအသိပဲဖြစ်ပါတယ်။ နှစ်စဉ် နိုင်ငံတော်ဘဏ္ဍာငွေရဲ့ ၈၀ ရာခိုင်နှုန်းကို တည်ဆောက်ရေးလုပ်ငန်းတွေမှာ အသုံးပြုနေတာဖြစ်လို့ ကျေးလက်ဒေသတွေပါမကျန်အောင် အဘက်ဘက်ကနေ ဖွံ့ဖြိုးတိုးတက်နေပြီဖြစ်ပါတယ်။ ဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ တည်ဆောက်ရေး လုပ်ငန်းများ အချိန်မီပြီးစီးဖို့လိုသလို အရည်အသွေးပြည့်မီဖို့လည်းလိုအပ်ပါတယ်။ အချိန်မီပြီးစီးဖို့ ဆိုရင် ဌာန၊ ကုမ္ပဏီ၊ လုပ်ငန်းအရည်အသွေးစစ်ဆေးတဲ့ Third Party သုံးဦးသုံးဖလှယ်က တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်နဲ့ ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ပညာရေး၊ ကျန်းမာရေး အပါအဝင် လမ်း၊ တံတား၊ အဆောက်အဦစတဲ့ လုပ်ငန်းများ၊ နိုင်ငံ့ဝန်ထမ်းအိမ်ယာများ ဆောက်လုပ်တဲ့ လုပ်ငန်းတွေမှာတော့ ပြင်ပမှ အရည်အသွေးစစ်ဆေးတဲ့ Third Party များကို နှစ်ရာခိုင်နှုန်း ပေးချေပြီး တင်ဒါစနစ်ဖြင့် ငှားရမ်းအသုံးပြုနေတာကို တွေ့ရှိရပါတယ်။ ဒါပေမဲ့ ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်နေတဲ့ လုပ်ငန်းတွေမှာတော့ ပြင်ပမှ Third Party တွေကို ငှားရမ်းအသုံးပြုခြင်းမရှိဘဲ ဝန်ထမ်းတွေနဲ့ ဖွဲ့စည်းထားတဲ့ Third Party အဖွဲ့ကို ၁.၂ ရာခိုင်နှုန်းပေးချေပြီး ငှားရမ်းဆောင်ရွက်နေတာ တွေ့ရှိရပါတယ်။ ဘယ်အဖွဲ့အစည်းကပဲ

စစ်ဆေး နေပါစေ Third Party များရဲ့ တာဝန်ယူမှု၊ တာဝန်ခံမှုကသာ အရေးကြီးဆုံးဖြစ်ပါတယ်။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ အချို့သောနိုင်ငံတွေမှာဆိုရင် အဆောက်အဦဖြစ်စေ၊ လမ်းဖြစ်စေ သတ်မှတ်ချိန်မတိုင်မီ ပျက်စီးဆုံးရှုံးမှုရှိပါက တာဝန်ယူဆောက်လုပ်တဲ့ ကုမ္ပဏီအပြင် အရည်အသွေး စစ်ဆေးတဲ့ Third Party ကပါ အစိတ်အပိုင်းတစ်ခုအနေနဲ့ ပေးလျော်ရတာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့လို ဖွံ့ဖြိုးဆဲနိုင်ငံအနေနဲ့ အရည်အသွေးပြည့်မီတဲ့လုပ်ငန်းများ ရရှိဖို့ဆိုလျှင် တာဝန်ယူ ဆောက်လုပ်တဲ့ ကုမ္ပဏီအပြင် Third Party များကပါ တာဝန်ယူမှု၊ တာဝန်ခံမှုအနေနဲ့ ပျက်စီးဆုံးရှုံး သွားတဲ့ လုပ်ငန်းများအပေါ်မှာ ရာကိန်းနှုန်းတစ်ခုအနေနဲ့ ပေးလျော်သင့်ပါတယ်။ ဒါ့အပြင်အနည်းဆုံး အမည်ပျက်စာရင်း Blacklist ထည့်ပြီး အများပြည်သူသိအောင် ကြေညာဖို့လိုအပ်နေပြီဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ Third Party များ၏ ဖွဲ့စည်းပုံ၊ တာဝန်ယူမှု၊ တာဝန်ခံမှုများနှင့် မည်သည့်မူဝါဒ၊ လမ်းညွှန်ချက်များဖြင့် ဆောင်ရွက်နေသည်ကို သိရှိလိုပါသဖြင့် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားရသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် နေပြည်တော်ကောင်စီနယ်မြေ၊ လယ်ဝေးမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဇော်ဦး မေးမြန်းသော Third Party များ၏ ဖွဲ့စည်းပုံ တာဝန်ယူမှု၊ တာဝန်ခံမှုများနှင့် မည်သည့် မူဝါဒ၊ လမ်းညွှန်ချက်များဖြင့် ဆောင်ရွက်နေသည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆောက်လုပ်ရေး ဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနသည်

နိုင်ငံတော်မှချမှတ်ပေးထားသည့် ဘတ်ဂျတ်များဖြင့် တည်ဆောက်ရေးလုပ်ငန်းများကို တာဝန်ခံ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ထိုသို့ဆောင်ရွက်ရာတွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ အရည်အသွေးထိန်းသိမ်းရေးဌာနခွဲ ဝန်ထမ်းများမှ အရည်အသွေးထိန်းသိမ်းရေးလုပ်ငန်းစဉ်များကို နိုင်ငံတော်ကိုယ်စားဆောင်ရွက်စေခြင်းသာဖြစ်ပြီးတော့ Third Party အနေဖြင့် ဆောင်ရွက်ခြင်း မဟုတ်ပါကြောင်း တင်ပြအပ်ပါတယ်။

ငင်းကဲ့သို့ အရည်သွေးထိန်းသိမ်းရေးအဖွဲ့ (QC)လုပ်ငန်းစဉ်များကို ဆောင်ရွက်ရာတွင် နိုင်ငံတော်မှခန့်အပ်ထားသည့် ဝန်ထမ်းများအတွက် လုပ်အားခအနေဖြင့် ထပ်မံပေးရန်မလိုအပ် သော်လည်း လုပ်ငန်းစဉ်ဖြစ်သည့် လမ်းတည်ဆောက်ခြင်းလုပ်ငန်းများတွင် အသုံးပြုမည့် ကတ္တရာ၊ ကျောက်စသည့်လမ်းခင်းပစ္စည်းများ၏ အရည်အသွေးစစ်ဆေးခြင်း၊ လမ်းအောက်ခံမြေသား တာဘောင်များ၏ခံနိုင်ဝန်နှင့်သိပ်သည်းမှု (Degree of Compaction)စစ်ဆေးခြင်း၊ ဒု-အခြေခံလွှာ နှင့် အခြေခံလွှာတို့၏ခံနိုင်ဝန် (CBR) စမ်းသပ်စစ်ဆေးခြင်း၊ ကတ္တရာလမ်းများ၏ မျက်နှာပြင်လွှာနှင့် ရေပိတ်လွှာများအား (Skid Resistance)စမ်းသပ်စစ်ဆေးခြင်း၊ လမ်းတည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်များအား စံချိန်စံညွှန်းနှင့်အညီကိုက်ညီအောင် ပြုပြင်ကြီးကြပ်လမ်းညွှန်ပေးခြင်း၊ (QC)အစီရင်ခံစာထုတ်ပြန်ပေးခြင်း၊ တံတား (QC)လုပ်ငန်းစဉ် များတွင်လည်း တံတားတည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများ အရည်အသွေး ပြည့်မီခြင်းရှိ/မရှိ စမ်းသပ်စစ်ဆေးခြင်း၊ ကွန်ကရစ်လုပ်ငန်းအရည်အသွေးစစ်ဆေးခြင်း၊ ဘိုးပိုင် အရည်အသွေးနှင့် သတ်မှတ်အနက် ပြည့်မီခြင်းရှိ/မရှိစစ်ဆေးခြင်း၊ တည်ဆောက်ရေးလုပ်ငန်းစဉ် တစ်လျှောက် စစ်ဆေးကြည့်ရှုကာမှတ်တန်းတင်၍ လစဉ် (QC Report )တင်ပြပေးခြင်း အစရှိသည့် လုပ်ငန်းစဉ် များကို ဆောင်ရွက်ပေးရခြင်းဖြစ်ပါတယ်။

Third Party နှင့်ပတ်သက်၍ ဆောင်ရွက်ရမည့်အချက်များ၊ လိုက်နာရမည့်အချက်များ၊ တာဝန်ခံမှု၊ တာဝန်ယူမှု၊ အရေးယူရမည့်အချက်များနှင့်ပတ်သက်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၏

အဆောက်အဦဆောက်လုပ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဥပဒေ (Building Construction Industry Development Law–BCID) (မူကြမ်း)ရေးဆွဲပြီးဖြစ်ပါတယ်။ အဆိုပါဥပဒေတွင် အခြေခံအဆောက်အဦများဆောက်လုပ်ရာတွင် သက်ဆိုင်ရာစည်းမျဉ်း၊ စံချိန်စံညွှန်းများနှင့်အညီ ပုံစံထုတ်ခြင်း၊ တည်ဆောက်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း၊ စစ်ဆေးခြင်းများ စနစ်တကျဆောင်ရွက်နိုင်ရန်၊ အင်ဂျင်နီယာပညာရပ်ဆိုင်ရာ ဝန်ဆောင်မှုအဖွဲ့များ အရည်အသွေးတိုးတက်ကောင်းမွန်ရန် ရည်ရွယ်ရေးဆွဲထားပြီးတော့ အတည်ပြုထုတ်ပြန်နိုင်ရေးအတွက် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီသို့ ပေးပို့တင်ပြခဲ့ရာ ကော်မတီမှ နိုင်ငံတော်သမ္မတရုံး၊ နိုင်ငံရေးနှင့် လုံခြုံရေးဌာနကြီးသို့ ဆက်လက်တင်ပြထားပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တည်ဆောက်ရေးလုပ်ငန်းများအတွက် အရည်အသွေးစစ်ဆေးရေးအဖွဲ့(QC)များသည် တာဝန်ယူမှု၊ တာဝန်ခံမှုရှိရမှာဖြစ်ပြီး တည်ဆောက်ရေးလုပ်ငန်းတစ်ခုအတွက် အရည်အသွေးစစ်ဆေးရေးအဖွဲ့ တစ်ဖွဲ့တည်းသာရှိရမှာဖြစ်ပါတယ်။ ပြည်ထောင်စုအဆင့်ဗဟိုအဖွဲ့အစည်း၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ နေပြည်တော်ကော်စီ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များမှ တာဝန်ပေးအပ်ထားတဲ့ အရည်အသွေးထိန်းချုပ်ရေးနှင့် အဆောက်အဦ အပြီးသတ်လက်ခံရေးကော်မတီကလုပ်ငန်း စတင်ဆောင်ရွက်တဲ့အချိန်မှ လုပ်ငန်းပြီးစီးတဲ့ အချိန်အထိလုပ်ငန်းစဉ်အတိုင်း အရည်အသွေးစစ်ဆေးရေးအဖွဲ့နှင့် ဆောက်လုပ်ရေးအကြံပေးအဖွဲ့(Consultant)၊ တတိယအဖွဲ့အစည်း(Third party) အဖွဲ့များမှ စစ်ဆေးမှတ်တမ်းပြုစုတင်ပြခြင်းများကို ကြီးကြပ်စစ်ဆေးခြင်းအား ဆောင်ရွက်ရမှာဖြစ်ပြီး ၎င်းကော်မတီမှ QC အဖွဲ့များကို ရွေးချယ်တာဝန်ပေးအပ်ရမှာဖြစ်ပါတယ်။

တင်ဒါစနစ်ဖြင့် သို့မဟုတ် ဈေးနှုန်းဖိတ်ခေါ်တင်သွင်းစေပြီး ရွေးချယ်တာဝန်ပေးထားတဲ့ အရည်အသွေးစစ်ဆေးရေးအဖွဲ့များသည် တည်ဆောက်ရေးလုပ်ငန်းများ အရည်အသွေး ပြည့်မီရေးအတွက် လုပ်ငန်းစဉ်တိုင်း ကြီးကြပ်စစ်ဆေးရမှာဖြစ်ပြီး ကြီးကြပ်ဆောင်ရွက်သူများက ကြီးကြပ်တဲ့

လုပ်ငန်းအမျိုးအစားအလိုက် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သတ်မှတ်ပြဋ္ဌာန်းထားတဲ့ အရည်အချင်းပြည့်မီသူများဖြစ်ရပါမယ်။ အရည်အသွေးစစ်ဆေးရေးအဖွဲ့များက ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော စစ်ဆေးသူများလက်စွဲ(Inspector's Manual) သက်ဆိုင်ရာဝန်ကြီးဌာနအဖွဲ့အစည်းများမှထုတ်ပြန်ထားသော Guidelines နှင့် Check List များ အတိုင်းစစ်ဆေးရပါသည်။

တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်မည့် ကန်ထရိုက်တာကုမ္ပဏီများ၊ အရည်အသွေးစစ်ဆေးသူအဖွဲ့(QC)များ၊ Third Party များသည် တင်ဒါသဘောတူစာချုပ်တွင် သတ်မှတ်ထားသည့် စံချိန်စံညွှန်းများနှင့်ကိုက်ညီစွာ ဆောင်ရွက်ခြင်းမရှိကြောင်း စစ်ဆေးတွေ့ရှိပါက သတ်မှတ်ဒဏ်ကြေးပေးသွင်းစေခြင်း၊ လုပ်ငန်းအာမခံကြေး(Performance Guarantee) ကိုသိမ်းဆည်းခြင်း၊ ကာလသတ်မှတ်၍ အမည်ပျက်စာရင်းကြေညာခြင်း အင်ဂျင်နီယာကောင်စီဥပဒေအရ အရေးယူခြင်းတို့ ဆောင်ရွက်ရန် SOP တွင် ပါရှိပါသည်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါလုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းများ၊ ဥပဒေများကို လိုက်နာဆောင်ရွက်ခြင်းဖြင့် စီမံကိန်းများအရည်အသွေးပြည့်မီစွာဖြင့် လုပ်ငန်းများအောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ရပ်စောက်မြို့နယ်၊ ယမ်းတွင်းငါးကြောင်ကျေးရွာအုပ်စုနှင့် မြင်တောင်ကျေးရွာအုပ်စုတို့ကို ဆက်သွယ်ထားသော ပင်ဖြစ်-တောင်ချွန်လမ်း ၁၁ မိုင်ကို အမာခံကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ/မရှိကိုသိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ရပ်စောက်မဲဆန္ဒနယ်မှ ဦးခင်မောင်မြင့် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်မြင့်(ရပ်စောက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရပ်စောက်

မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်မြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရပ်စောက်မြို့နယ်၊ ယမ်းတွင်းငါးကြောင်ကျေးရွာအုပ်စုနှင့် မြင်တောင်ကျေးရွာအုပ်စုတို့ ဆက်သွယ်သွားလာသော ပင်ဖြစ်-လှည်းတိုး-ဗမာတိုး-ပုန်းရွာ-တောင်ချွန်-ပင်စိမ်းပင်ကျေးရွာများ ဆက်သွယ်သွားလာသော ပင်ဖြစ်-တောင်ချွန် ၁၁ မိုင်ကို အမာခံကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ပေးနိုင်ရေးနှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းတင်ပြသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရပ်စောက်မြို့နယ်၊ ယမ်းတွင်းငါးကြောင်ကျေးရွာအုပ်စုနှင့် မြင်တောင်ကျေးရွာအုပ်စု ဆက်သွယ်သွားလာသော ပင်ဖြစ်-တောင်ချွန်လမ်းသည် ၁၁ မိုင်ရှိပြီး ၂၀၁၄-၂၀၁၅ ခုနှစ်မှစတင်၍ ၂၀၁၀ ခုနှစ်အထိ မြို့နယ်စည်ပင်သာယာရေးဌာနမှ နှစ်အလိုက် ကျောက်ကြမ်းလမ်းငါးမိုင်ခန့်ဆောင်ရွက်ခဲ့သော်လည်း အဆိုပါလမ်းသည် ယခုအချိန်တွင် လုံးဝပျက်စီးယိုယွင်းနေပြီး မိုးတွင်းကာလများတွင် သွားလာရန်ခက်ခဲလျက်ရှိနေပါတယ်။ အဆိုပါလမ်းကို နှစ်စဉ်ပြုပြင်အသုံးပြု၍ သွားလာသောကျေးရွာခြောက်ရွာမှာ ပင်ဖြစ်-လှည်းတိုး-ဗမာတိုး-ပုန်းရွာ-တောင်ချွန်-ပင်စိမ်းပင်ကျေးရွာများဖြစ်ပြီး အိမ်ထောင်စု ၁၈၂၃ စု၊ အိမ်ခြေ ၂၃၄၂ အိမ်၊ လူဦးရေ ၁၀၀၈၄ ဦးရှိပြီး လယ်ယာစိုက်ဧက ၂၀၅၆ ဧကတွင် စပါး၊ ပြောင်း၊ ပဲ၊ သရက်များ စိုက်ပျိုးထုတ်လုပ်လျက်ရှိပါတယ်။ ပညာရေး၊ ကျန်းမာရေးစသည့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် မရှိမဖြစ်လိုအပ်သော အဓိကလမ်း ဖြစ်သောကြောင့် အမာခံလမ်းကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန်လိုအပ် လျက်ရှိနေပါတယ်။ သို့ဖြစ်ပါ၍ ရပ်စောက်မြို့နယ်၊ ယမ်းတွင်းငါးကြောင်ကျေးရွာအုပ်စုနှင့် မြင်တောင် ကျေးရွာအုပ်စုဆက်သွယ်သွားလာသော ပင်ဖြစ်-လှည်းတိုး-ဗမာတိုး-ပုန်းရွာ-တောင်ချွန်-ပင်စိမ်းပင် လမ်း ၁၁ မိုင်ကို အမာခံကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ ဒေသခံရပ်မိရပ်ဖပြည်သူများ၏ကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် တင်ပြမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**မူကြမ်း**

**ဖြေကြားချက်**

**ဒေါက်တာကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် ရှမ်းပြည်နယ်၊ ရပ်စောက်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်မြင့် မေးမြန်းသော ရပ်စောက်မြို့နယ်၊ ယမ်းတွင်းငါးကြောင်ကျေးရွာအုပ်စုနှင့် မြင်တောင်ကျေးရွာအုပ်စုတို့ ဆက်သွယ်ထားသော ပင်ဖြစ်-လှည်းတိုး-ဗမာတိုး-ပုန်းရွာ-တောင်ချွန်-ပင်စိမ်းပင်ကျေးရွာများ ဆက်သွယ်သွားလာသော ပင်ဖြစ်-တောင်ချွန်လမ်း ၁၁ မိုင်ကို အမာခံကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့မေးခွန်းအား ဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်၊ ရပ်စောက်မြို့နယ်အတွင်းရှိ ယမ်းတွင်းငါးကြောင်ကျေးရွာအုပ်စုနှင့် မြင်တောင်ကျေးရွာအုပ်စုတို့ကို ဆက်သွယ်ထားသော ကျေးရွာချင်းဆက်လမ်းသည် လမ်းအဆင့်သတ်မှတ်ချက် Class(B) ဦးစားပေးအဆင့်(၂)လမ်းတွင် ပါဝင်သော ပင်ဖြစ်-လှည်းတိုး-ဗမာတိုး-ပုန်းရွာ-တောင်ချွန်-ရှားပင်ရေ-အင်ပုလမ်း အရှည် ၁၀ မိုင် ၄.၇ ဖာလုံနှင့် လမ်းအဆင့်သတ်မှတ်ချက် Class(C) ဦးစားပေးအဆင့်(၂) လမ်းစာရင်းတွင် ပါဝင်သော တောင်ချွန်-ပင်စိမ်းပင်-ဆင်သေလမ်း အရှည် ၇/၄ မိုင်တို့တွင်ပါဝင်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲသောလမ်းများဖြစ်ပါတယ်။ အဆိုပါလမ်းနှစ်လမ်းရဲ့ လက်ရှိအခြေအနေမှာ မြေသားလမ်းများဖြစ်ပြီးတော့ ကျေးရွာခုနစ်ရွာ၊ အိမ်ခြေ ၂၀၅၉ အိမ်၊ လူဦးရေ ၁၀၀၀၀ ခန့်တို့ကို အကျိုးပြုတဲ့လမ်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ တင်ပြတဲ့လမ်းနှစ်လမ်းအနက်က ပထမလမ်းဖြစ်တဲ့ ပင်ဖြစ်-လှည်းတိုး-ဗမာတိုး-ပုန်းရွာ-တောင်ချွန်-ရှားပင်ရေ-အင်ပုလမ်း အဆိုပါ လမ်းကိုတော့ ကျောက်ချောလမ်းခင်းဖို့အတွက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေ မှာ တင်ပြထားပါတယ်။ ရန်ပုံငွေအတည်ပြုချက်ရတာနှင့် ဆောင်ရွက်သွားမည်ဖြစ်ပါတယ်။ ကျန်တဲ့ လမ်းတစ်လမ်းဖြစ်တဲ့ တောင်ချွန်-

ပင်စိမ်းပင်-ဆင်သေလမ်း အဆင့်မြှင့်တင်ဖို့ကိုတော့ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်ရဲ့ နောက်ပိုင်း ကာလများမှာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါ တယ်ခင်ဗျား။

**ကျောင်းကုန်းမြို့နယ်ရှိ စာဖြူစု-ဂနိမ်းလေး ကျေးရွာချင်းဆက်လမ်းမြေသားလမ်းမကြီးအား ရာသီမရွေးသွားလာနိုင်သော ကျောက်ခင်းလမ်းအဖြစ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသိန်းထွန်း(ကျောင်းကုန်းမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်က ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်း ဖြစ်ပါတယ်။ လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ကျောင်းကုန်းမြို့နယ်ရှိ စာဖြူစု- ဂနိမ်းလေး ကျေးရွာချင်းဆက်မြေသားလမ်းမကြီးအား ရာသီမရွေး သွားလာနိုင်သော ကျောက်ခင်း လမ်းအဖြစ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိသိရှိလိုကြောင်း မေးခွန်းကိုမေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ ကျောင်းကုန်းမြို့နယ်၊ စာဖြူစု-ဂနိမ်းလေးကျေးရွာချင်း ဆက်လမ်းဟာ ကျောင်းကုန်းမြို့နယ်၊ အစုကြီးကျေးရွာမှ စာဖြူစုကျေးရွာ ရန်ကုန်-ပုသိမ်ကားလမ်း မကြီးအထိကျေးရွာပေါင်း ၁၄ ရွာ၊ အိမ်ခြေပေါင်း ၂၅၀၀၀ ကျော်အသုံးပြုနေသော လူသွားလမ်းတစ်ခု ဖြစ်ပါတယ်။ ယခင်ကတော့ ဒီလူသွားလမ်းဟာ ကန်သင်းလမ်းသာသာပဲရှိပါတယ်။ ဒါကို ၂၀၁၆-၂၀၁၇ ခုနှစ်မှာ ကျေးရွာအုပ်ချုပ်ရေးမှူးအပါအဝင် ရပ်မိရပ်ဖများစုပေါင်းပြီးတော့မှ အလှူငွေတွေ တောင်းခံ၊ မြေသားတွေအလှူခံပြီးတော့မှ ကွင်းကြီးကျေးရွာအုပ်စု မြေသားလမ်းအကျယ်ကတော့ ၁၈ ပေ၊ အမြင့် သုံးပေ၊ ပေ ၁၀၀၀၀ နဲ့ဂရက်ဝန်းကြီးကျေးရွာမှအစုကြီးကျေးရွာအုပ်စု၊ ဂနိမ်းလေး ကျေးရွာအထိ မြေသားလမ်းအကျယ် ၁၈ ပေ၊ အမြင့်သုံးပေ၊ ပေ ၂၀၀၀၀ စုစုပေါင်းပေ ၃၀၀၀၀ ကို အလှူငွေကလည်း ၁၆၅ သိန်း

လောက်ကုန်ကျတယ်။ အဲဒီမှာရှိတဲ့ လယ်မြေတွေကိုလည်း လယ်သမားတွေကနေပြီးတော့မှ စုစုပေါင်း ၁၄၊ ၁၅ ကေလောက်ရှိပါတယ်။ ဒါတွေကို လှူဒါန်း ပြီးတော့မှ အလှူငွေတွေနဲ့ ဖောက်ခဲ့တဲ့လမ်းကြီး ဖြစ်ပါတယ်။ ဒီလမ်းကြီးဟာဆိုရင် စာဖြူစုကျေးရွာ၊ တူးမြောင်းကျေးရွာ၊ အနောက်ဝေါမိကျေးရွာ၊ ဂရက်ဝန်းလေးကျေးရွာ၊ ဂရက်ဝန်းကြီးကျေးရွာ၊ ပင်းကရက်ကြီးကျေးရွာ၊ ငှက်ရိုးကျေးရွာ၊ သပြေပင်ကျေးရွာ၊ ဂနိမ်းလေးကျေးရွာ၊ အောင်ပန်းကျောင်းကျေးရွာ၊ ပျားစလပ် ကျေးရွာ၊ ကြို့ပင်စေ့ကျေးရွာ၊ မန်ကြီးတန်းကျေးရွာနဲ့ အဆူကြီးကျေးရွာတို့ဖြစ်ပါတယ်။ ရွာပေါင်း ၁၄ ရွာလောက် အသုံးပြုနေတဲ့လမ်းဖြစ်တယ်။ တောင်သူလယ်သမားတွေအများစုနေထိုင်တဲ့ ကျေးရွာတွေလည်းဖြစ်ပါတယ်။ ပြီးတဲ့အခါမှာ ကျောင်းကုန်းမြို့နယ်၊ ကျုံပျော်မြို့နယ်၊ ပန်းတနော်မြို့နယ်က နယ်စပ်ဖြစ်တဲ့ဒေသလည်းဖြစ်တဲ့ အတွက်ကြောင့် အဲဒီမှာရှိတဲ့ အဲဒီလမ်းကြီး ဟာ ရာသီမရွေးသွားလာနိုင်တဲ့လမ်းဖြစ်မယ်ဆိုလို့ရှိရင် တောင်သူလယ်သမားတွေရော၊ ကုန်ထုတ်တဲ့ အနေအထားတွေရော၊ ကျောင်းသူကျောင်းသားတွေရော သွားလာနိုင်တဲ့လမ်း တစ်ခုဖြစ်ပါတယ်။ ဒီလမ်းကလည်း တကယ်တမ်း ဒီလမ်းကြီးပြီးသွားပြီ ဆိုလို့ရှိရင် ကျောင်းကုန်း-ကျုံပျော်လမ်းနဲ့ ပုသိမ်-ရန်ကုန်လမ်းမကြီးနဲ့ ဖြတ်ပြီးတော့သွားတဲ့ လမ်းကြောင်းတစ်ခု ဖြစ်လာမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အဲဒီလမ်းမကြီးကို တည်ဆောက် ပေးမယ်ဆိုလို့ရှိရင်တော့ ကျောင်းသူကျောင်းသားတွေ၊ အများပြည်သူတွေ ကုန်ထုတ်လမ်းအဖြစ် သွားလာနိုင်မှာ ဖြစ်တဲ့ အတွက်ကြောင့် ကျွန်တော့်အနေနဲ့အခုမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ မေးခွန်းကတော့ ကျောင်းကုန်းမြို့နယ်ရှိ စာဖြူစု-ဂနိမ်းလေးကျေးရွာ ချင်းဆက်မြေသားလမ်းမကြီးအား ရာသီမရွေး သွားလာနိုင်သော ကျောက်ခင်းလမ်းအဖြစ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိသိရှိ လိုကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင် ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**မူကြမ်း**

**ဖြေကြားချက်**

**ဒေါက်တာကျော်လင်း (ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် ရောဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းမေးမြန်းထားသော ကျောင်းကုန်းမြို့နယ်ရှိ စာဖြူစု-ဂနိမ်းလေးကျေးရွာချင်းဆက် မြေသားလမ်းမကြီးအား ရာသီမရွေးသွားလာနိုင်သော ကျောက်ခင်းလမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုခြင်းနဲ့စပ်လျဉ်းတဲ့မေးခွန်းအား ဖြေကြားသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရောဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမြို့နယ်အတွင်းရှိ စာဖြူစု-ဂနိမ်းလေးကျေးရွာချင်းဆက်မြေသားလမ်း ၅/၆ မိုင်သည် ရန်ကုန်-ပုသိမ်လမ်းမကြီးနှင့် ဆက်သွယ်တဲ့လမ်းဖြစ်ပြီးတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲသောလမ်းဖြစ်ပါတယ်။ အဆိုပါလမ်းသည် လမ်းအဆင့်သတ်မှတ်ချက် Class(A)၊ ဦးစားပေးအဆင့်(၂) လမ်းဖြစ်ပြီးတော့ ကျေးရွာပေါင်း ၂၃ ရွာ၊ အိမ်ခြေပေါင်း ၂၈၀၀ ကျော်၊ လူဦးရေပေါင်း ၁၀၀၀၀ ကျော်ကို အကျိုးပြုတဲ့လမ်းဖြစ်ပါတယ်။ သို့သော်လည်းပဲ အဆိုပါလမ်းကို မြှင့်တင်ဖို့အတွက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေမပါရှိခဲ့ပါဘူး။ ဒါကြောင့်မို့လို့ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် နောက်ပိုင်းကာလများမှာတော့ ရန်ပုံငွေထည့်သွင်းလျာထားပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးသိန်းထွန်း(ကျောင်းကုန်းမဲဆန္ဒနယ်)**။ ။ ဆက်စပ်မေးခွန်းမေးပါရစေ။ ဒီလမ်းဟာ ကျွန်တော်တင်ပြပြီးပါပြီ။ ဒါ လယ်ပိုင်ရှင်တွေကလည်း လယ်တွေကိုလှူဒါန်းထားတာဖြစ်ပါတယ်။ ပြည်သူတွေလည်း အိတ်ထဲက ငွေကိုထည့်ဝင်ပြီးတော့မှ၊ စိုက်ပြီးတော့မှလုပ်တဲ့လမ်းမကြီးတစ်ခု

ဖြစ်ပါတယ်။ အဲဒီတော့ကျောင်းကုန်း မြို့နယ်ကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ၂၀၁၉ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှာရောက်လာပါတယ်။ ကျွန်တော်တို့အင်အား ၅၀၀ ကျော်နဲ့တွေ့ပါတယ်။ ဒီထဲမှာပြည်သူတွေရဲ့မေးခွန်းတွေကိုလည်း ကြိုပြီးတော့ပြောထားရပါတယ်။ အဲဒီမေးခွန်းနဲ့ပတ်သက်ပြီးတော့လည်း ဒီစာဖြူစုလမ်း–ဂနိမ်းလေးလမ်းကို ပြည်သူတွေကတင်ပြပါတယ်။ လူဦးရေ ၅၀၀၊ ၆၀၀ လောက်ရှိပါတယ်။ ဒီအချိန်မှာတင် ကျွန်တော်တို့ရဲ့ ဧရာဝတီတိုင်းဒေသကြီးက အခုလက်ရှိလျှပ်စစ်၊ စွမ်းအင်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးဝင်းဋ္ဌေးပါ။ သူကနေပြီးတော့မှ ဒီမေးခွန်းနဲ့ပတ်သက်ပြီးတော့ ၂၀၂၀–၂၀၂၁ ဘတ်ဂျက်မှာ JICA အစီအစဉ်နဲ့ ဆောင်ရွက်ပေးမည် ဆိုပြီးတော့ ကတိကဝတ်ပြုခဲ့ပါတယ်။ ဒါနိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က အားလုံးသိတဲ့အတိုင်း ပါပဲ။ သူ့ရဲ့ခရီးစဉ်တွေမှာ တောက်လျှောက် ကတိကဝတ်ပြုခဲ့တဲ့ လမ်းဖြစ်ပါတယ်။ ပြည်သူတွေကလည်း အဲဒီအချိန်ကတည်းကရပြီဆိုပြီး တွန့်သွားပါတယ်။ အဲဒီတုန်းက ၂၀၁၉ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့ပါ။ အဲဒီတော့ ဒါသည် ကျွန်တော်တို့ရဲ့ လူကြီးတစ်ယောက်ရဲ့ခရီးစဉ်မှာ ကတိပြုခဲ့တဲ့ ကတိကဝတ်ကြီးကိုလည်း ပြည်သူတွေကသိပြီး ဖြစ်ပါတယ်။ သို့သော်လည်းပဲ ဘတ်ဂျက်ထဲမှာ ပါမလာပါဘူး။ အဲဒီတော့ ပညာရေးဝန်ကြီးဌာနမှာ ဘတ်ဂျက်တွေကိုကြည့်မယ်ဆိုရင် ကျွန်တော် တို့က Criteria အရ ဌာနကနေပြီးတော့ သတ်မှတ်ထားတဲ့ ဥပမာ–အန္တရာယ်ရှိတဲ့ကျောင်း၊ ဥပမိရုပ် မကောင်းတဲ့ကျောင်း၊ ကျောင်းသားနဲ့ မမျှတဲ့ကျောင်းတွေပေးသလို လွှတ်တော်ရဲ့ကတိကဝတ်အရ လည်းပေးတာရှိသလို သက်ဆိုင်ရာ ဌာနရဲ့အကြီးအကဲတွေ၊ ပြည်ထောင်စုဝန်ကြီးအဆင့်တွေ၊ တိုင်းဒေသကြီးဝန်ကြီးအဆင့်တွေ၊ ညွှန်ကြားရေးမှူးချုပ်တွေသွားတဲ့ခရီးစဉ်မှာလည်း ညွှန်ကြားချက် များဆိုတဲ့ခေါင်းစဉ်တစ်ရပ် ပါလာပါတယ်။ အဲဒီတော့ ဒီနိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့ခရီးစဉ်မှာ တစ်မြို့နယ်လုံးမှာရှိတဲ့ အားလုံးသောသတင်းတွေကြားထဲမှာ ၂၀၂၀ –၂၀၂၁ ဘတ်ဂျက်မှာ JICA အစီအစဉ်နဲ့ ပေးမယ်ဆိုတာဒီလိုကတိကဝတ်ပေးပြီးခါမှ အခုဒီဘက်ဘတ်ဂျက်ကြီးမှာ ပါမလာပါဘူးခင်ဗျား။

**မူကြမ်း**

ဒါကြောင့်မို့လို့ အဲဒီလို ကတိကဝတ်ကို နိုင်ငံတော်အကြီးအကဲရဲ့ရှေ့မှာတည်ထားတဲ့ ကတိကဝတ်ကို ပေးနိုင်ဖို့ ဒီဘတ်ဂျက်ကြီးမှာ မပါတော့ဘူးဆိုရင်တော့ ကျွန်တော်တို့ထည့်လို့မရဘူး။ သို့သော် ဘယ်နည်းလမ်းနဲ့သွားလို့ရမလဲ။ ဒါလေးတော့ အစိုးရလည်း ပြောရရင်တော့ ကတိကဝတ် တည်အောင်၊ ဒီဘက်ကတင်ပြတဲ့ ကိုယ်စားလှယ်တွေရော။ ကျွန်တော်တို့က ပြည်သူလူထု ကိုယ်စားပါ။ ပြည်သူလူထုကိုယ်စားကတော့ နိုင်ငံတော်၏အတိုင်ပင်ခံရှေ့မှာ ပေးသွားမယ်ဆိုတဲ့ ကတိကဝတ်ကြီးရတဲ့အတွက်ကြောင့် ရပြီလို့ပြောနေတယ်။ သို့သော်မရတော့ ကျွန်တော့်ဆီ အားလုံး တက်လာကြတယ်။ ဒါကြောင့်မို့လို့ ဒီမေးခွန်းမေးတဲ့အတွက်ကြောင့် ဒါကိုအခြားနည်းလမ်းတွေရော၊ လာမယ့်ဘတ်ဂျက်မှာ ၂၀၂၀-၂၀၂၁ ဘတ်ဂျက်မှာရော ပေးနိုင်ရန်အစီအစဉ်ရှိ/မရှိသိရှိလိုကြောင်း ထပ်ဆင့်တစ်ဆက်တစ်စပ်တည်း မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အခုဆက်စပ်မေးခွန်းနဲ့ပတ်သက်လို့ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြား နိုင်ကဖြေကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ် ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီJICA ရဲ့အစီအစဉ်နဲ့ JICA ချေးငွေ Poverty Reduction ဆိုတာရှိပါတယ် ခင်ဗျား။ Face One တုန်းကလည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှာ တိုင်းတစ်တိုင်းတည်း မဟုတ်ပါဘူးခင်ဗျား။ သူကတော့ JICA ရဲ့အစီအစဉ်အရက လမ်း၊ တံတားတွေဖောက်လိုက် လို့ရှိရင် အဲဒီဒေသရဲ့ဆင်းရဲမှုနှုန်းလျော့ကျသွားမယ်ဆိုတဲ့ ကျန်တဲ့ Socio economic evaluation တွေနဲ့တိုင်းတာတွက်ချက်ပြီးတော့ အနိမ့်ကျဆုံး၊ အဆင်းရဲဆုံးဆိုတဲ့ဒေသ တွေကို လိုက်ရှာတာပါ။ Value လိုက်ရှာတော့ အဲဒီနေရာမှာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရ အဖွဲ့တွေက ဒေတာတွေပေးပါတယ်။ ဒေတာတွေပေးတယ်ဆိုတာ သူ့တိုင်းဒေသကြီးမှာတော့ ဒီနေရာသည်အနိမ့်ကျဆုံးပါ။ ဒီနေရာသည် အဆင်းရဲဆုံးဖြစ်ပါတယ်ဆိုပြီးပေးတဲ့အခါကျတော့ JICA Consultant တွေကဆင်းပြီး စစ်ပါတယ်ခင်ဗျား။ စစ်တဲ့အခါကျတော့ ဧရာဝတီတိုင်းဒေသကြီး

ကပေးတဲ့ JICA Land နေရာတွေ ရှိပါတယ်။ တစ်ပြိုင်နက်တည်းမှာပဲ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးစသဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်တွေအကုန်လုံး ပေးကြပါတယ်ခင်ဗျား။ ပေးတဲ့အခါကျတော့ JICA ကဘာလဲဆိုလို့ရှိရင် ဖွံ့ဖြိုးမှုအနောက်ကျဆုံး၊ ဆင်းရဲမှုအနိမ့်ကျဆုံးဆိုတဲ့ Value နဲ့တိုင်းပြီးတော့ အဲဒီနေရာတွေကို ဦးစားပေးတာဖြစ်တော့ ရေ၀တီတိုင်းဒေသကြီးရဲ့လမ်းတွေက သူတို့ရဲ့ Measurement ထဲမှာကဖွံ့ဖြိုးတိုးတက်မှုက တခြား တိုင်းဒေသကြီးတွေက ပိုပြီးနောက်ကျနေတဲ့အတွက် တခြားတိုင်းဒေသကြီးနှင့် ပြည်နယ်တေ့ွကို JICA ကဦးစားပေးခဲ့ခြင်းဖြစ်ပါတယ်။ ဒါလည်းပဲ JICA Consultant နိုင်ငံခြားသားပညာရှင်တွေပဲ ကွင်းဆင်းစစ်ဆေးတိုင်းတာပြီးတော့ ဆောင်ရွက်တဲ့ကိစ္စတွေ ဖြစ်ပါတယ်။ သို့သော်လည်းပဲ ကျွန်တော်တို့က JICA ကအလှည့်ကျ တစ်ချိန်တော့ရောက်လာမှာပါ။ သို့သော်လည်းပဲ အဲဒီရောက် မလာခင်မှာ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနောက်ပိုင်းမှာ ရေ၀တီတိုင်းဒေသကြီး အစိုးရအဖွဲ့အနေနဲ့ ဒီလမ်းကြီးကိုထည့်သွင်းဆောင်ရွက်ပေးပါမယ်ဆိုပြီးတော့ ရေ၀တီတိုင်းဒေသကြီးအစိုးရအဖွဲ့က အကြောင်းပြန်ကြားထားပါတယ်ခင်ဗျား။ ဒါကြောင့်မို့လို့ ၂၀၂၀-၂၀၂၁ နောက်ပိုင်းဘတ်ဂျက် ကာလများမှာ JICA ကိုမစောင့်တော့ဘဲနဲ့ ရေ၀တီတိုင်းဒေသကြီးအစိုးရဘတ်ဂျက်နဲ့ ဆောင်ရွက် ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။

**နိုင်ငံတော်ဘဏ္ဍာငွေဖြင့်တည်ဆောက်ထားသော ကျေးရွာချင်းဆက်လမ်းများအား လမ်းအမျိုးအစား အလိုက် စံချိန်စံညွှန်းများနှင့်အညီ စစ်ဆေးကြီးကြပ်ပေးရန်နှင့် ပျက်စီးသွားသောလမ်းများအား ပြုပြင် ထိန်းသိမ်းစရိတ်ချထားပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မြို့သစ်မဲဆန္ဒနယ်မှ ဦးသာအောင် မေးမြန်းဖို့ဖြစ်ပါတယ်၊

**ဦးသာအောင်(မြို့သစ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ပြည်ထောင်စုအဆင့်အဖွဲ့ဝင်များ၊

အခြားဖိတ်ကြားထားသော ပုဂ္ဂိုလ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ မြို့သစ်မဲဆန္ဒနယ်က ဦးသာအောင် ဖြစ်ပါတယ်။ ဒီမေးခွန်းဖြစ်ပေါ်လာရခြင်းကတော့ ကျွန်တော့်မဲဆန္ဒနယ်မြေဟာ လူဦးရေ ၁၈၀၀၀၀ ခန့် နေထိုင်ပြီးတော့ ကျေးရွာပေါင်း ၂၀၀ ခန့်ရှိပါတယ်။ ကျေးရွာချင်းဆက်လမ်းလိုအပ်ချက်ကတော့ မိုင် ၂၅၀ ခန့်ရှိမယ်လို့ ယူဆရပါတယ်။ လက်ရှိအသုံးပြုနေတဲ့ လမ်းအခြေအနေကတော့ မြေသားလမ်းပိုင်း ၁၂၀ ကျော်လောက်နဲ့ ကျောက်လမ်းမိုင် ၂၀ ခန့် လက်ရှိတည်ဆောက်ဆဲ ကတ္တရာလမ်း နှစ်မိုင်ခန့်ဖြစ်ပါတယ်။ လူဦးရေအများဆုံးအသုံးပြုနေတာကတော့ မြေသားလမ်းများ ဖြစ်ပါတယ်။ ဒီအပြင် ယခင်ပြီးခဲ့ပြီးသော လမ်းများအားလုံးနီးပါးဟာ စံချိန်စံညွှန်းနဲ့အညီ ဆောင်ရွက်ထားခြင်းမရှိခဲ့ကြပါဘူး။ လက်ရှိအစိုးရလက်ထက်မှာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာမှာ ကျေးလက်နေပြည်သူများ တစ်ပြေးညီဖွံ့ဖြိုးအောင်ဆောင်ရွက်ရန် လက်တွေ့မှာ အခက်အခဲရှိပေမဲ့ ဟန်ချက်ညီစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အဓိကလိုအပ်ချက်ကြီး များဖြစ်သော လမ်း၊ ပညာရေး၊ ကျန်းမာရေးနှင့် လျှပ်စစ်တို့သုံးစွဲလာနိုင်အောင် အထူးဂရုပြု ဆောင်ရွက်နေသည်ကိုလည်းပဲ တွေ့မြင်နေရပါတယ်။ လမ်းရှိလျှင် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးကိစ္စတွေဟာ အလိုအလျောက်ဖွံ့ဖြိုးတိုးတက်သွားတတ်ပါတယ်။

သို့ဖြစ်ပါ၍ လက်ရှိအသုံးပြုနေသောလမ်းများမှာ နဂိုကတည်းက စံချိန်စံညွှန်းနဲ့အညီ ဆောင်ရွက်ထားခြင်းမရှိသည့်အတွက် မြေသားလမ်းများ၊ ကျောက်လမ်းများဟာ ယိုယွင်းပျက်စီး နေပါတယ်။ ဒီအတွက် အကယ်၍ထိန်းသိမ်းပေးခြင်းမရှိပါက ဒေသခံများအတွက် အခက်အခဲဖြစ်နိုင် ပါတယ်။ လမ်းအမျိုးအစားကို ဒီနေရာမှာ အနည်းငယ်အကြံပြုလိုပါတယ်။ ကျွန်တော့်ဒေသမှာ ကတ္တရာလမ်းတစ်မိုင်ဟာ သိန်း ၁၇၀၀ ရှိပါတယ်။ အဲဒီတော့ စံချိန်မီမြေသားလမ်းဟာ ခြောက်မိုင်၊ ခုနစ်မိုင်မှ ကတ္တရာလမ်းတစ်မိုင်မျှလောက်ပဲ ကုန်ပါတယ်။ လမ်းမရှိသေးတဲ့ဒေသတွေကို အမြန်ဆုံးဟန်ချက်ညီစဉ်ဆက်မပြတ်ဖွံ့ဖြိုးစေဖို့အတွက် လမ်းများဖောက်လုပ်ရာမှာ ကုန်ကျစရိတ်

အနည်းငယ်နဲ့ အနာဂတ်မြေသားလမ်းမှတစ်ဆင့်မြှင့်တင်ရာမှာလည်းပဲ အမာခံလမ်းခံပြီးသားဖြစ်တဲ့အတွက် ရေတိုရေရှည်မှာမြေသားလမ်းကို စမ်းပြီးခင်းပေးခြင်းအားဖြင့် နောင်ရေးအမာခံရှိတဲ့လမ်းအဖြစ် ကျန်ခဲ့မှာဖြစ်ပါတယ်။ ဒီအတွက်ကြောင့် ကျွန်တော့်အနေနဲ့ တစ်နယ်လုံးမှာ ကတ္တရာလမ်းတစ်လမ်း ဒီနှစ်ရပါတယ်။ နှစ်မိုင်ခန့်ပဲ ရှိပါတယ်။ ဒီလမ်းကို ကျွန်တော်တို့ တွက်ချက်မှုတောင်းကြည့်တဲ့အခါ တွက်ချက်မှုမှာ အမာခံလမ်းဆောင်ရွက်တဲ့တန်ဖိုးကိုကြည့်တဲ့အခါမှာ လက်ရှိမြေသားလမ်းတစ်မိုင်တန်ဖိုးနဲ့ အညီလောက်ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ လက်ရှိမေးခွန်းလေးကို ကျွန်တော်မေးမြန်းလိုတာကတော့ နိုင်ငံတော်ဘတ်ဂျက်ဖြင့် တည်ဆောက်ထားသော ကျေးရွာချင်းဆက်လမ်းများအား လမ်းအမျိုးအစားအလိုက် စံချိန်စံညွှန်းနဲ့အညီကြီးကြပ်ပေးရန်နှင့် ပျက်စီးသွားသောလမ်းများအား ပြုပြင်ထိန်းသိမ်းချထားပေးရန် အစီအစဉ်ရှိ/မရှိကို ကျွန်တော့်အနေနဲ့ မေးခွန်းအဖြစ်မေးမြန်းလိုပါတယ်။ အားလုံး မင်္ဂလာပါလို့ နှုတ်ဆက်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် မကွေးတိုင်းဒေသကြီး၊ မြို့သစ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသာအောင်မေးမြန်းသော နိုင်ငံတော်ဘဏ္ဍာငွေဖြင့် တည်ဆောက်ကြသော ကျေးရွာချင်းဆက်လမ်းများအား လမ်းအမျိုးအစားအလိုက် စံချိန်စံညွှန်းများနှင့်အညီ စစ်ဆေးကြပ်မတ်ပေးရန်နှင့် ပျက်စီးသွားသောလမ်းများအား ပြုပြင်ထိန်းသိမ်းစရိတ်ချထားပေးရန် အစီအစဉ်ရှိ/မရှိသိရှိလိုခြင်းမေးခွန်းအား ဖြေကြားသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် ရှင်းလင်းတင်ပြခွင့်ပြုပါရန်နှင့် ဘာသာရပ်ဆိုင်ရာ အင်္ဂလိပ်စာ အသုံးအနှုန်းများသုံးစွဲခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်

လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနမှဆောင်ရွက်လျက်ရှိသော ကျေးလက်လမ်းများအား လမ်းအဆင့်သတ်မှတ်ချက် Classs(A)၊ Classs(B)နှင့် Classs(C)တို့ဖြင့် သုံးမျိုးခွဲခြားဆောင်ရွက်လျက်ရှိပါတယ်။ လမ်းအဆင့် သတ်မှတ်ချက် Classs(A)အဆင့်ရှိလမ်းများကို ကတ္တရာလမ်းနှင့် ကွန်ကရစ်လမ်းများ အဖြစ် ဆောင်ရွက်ပြီး တံတားများကိုစံသတ်မှတ်ချက်(Standard) AASHTO HS 20-44 ဖြင့်လည်းကောင်း၊ လမ်းအဆင့်သတ်မှတ်ချက် Classs(B)အဆင့်ရှိလမ်းများကို အမာခံလမ်း(ကျောက်၊ ဂဝံ၊ ရှိစာ) အစရှိသဖြင့်ဆောင်ရွက်ပြီး တံတားများကိုစံသတ်မှတ်ချက်(Standard) ၂၀ တန်ဖြင့်လည်းကောင်း၊ လမ်းအဆင့်သတ်မှတ်ချက် Classs(C)အဆင့်ရှိလမ်းများကို မြေသားလမ်းများ အဖြစ်လည်းကောင်း ကျေးလက်လမ်း၊ တံတားများကို သတ်မှတ်ထားသော စံချိန်စံညွှန်း (Specification)များဖြင့် ဆောင်ရွက်လျက်ရှိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျေးလက်လမ်း၊ တံတားများတည်ဆောက်တဲ့နေရာမှာ တင်ဒါစနစ်ဖြင့်ဆောင်ရွက်လျက်ရှိပြီး ဆောင်ရွက်သောကုမ္ပဏီများကို စံချိန်စံညွှန်းပြည့်မီစေရေး စစ်ဆေးကြပ်မတ်ဆောင်ရွက်လျက်ရှိပါတယ်။ ဌာနအနေဖြင့် Quality Control အတွက် QC Lab ထားရှိပြီး အရည်အသွေးစစ်ဆေးခြင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့က ဖွဲ့စည်းထားသော Third Party စစ်ဆေးရေးအဖွဲ့များဖြင့် အရည်အသွေးစစ်ဆေးခြင်း၊ ပျက်စီးသွားသော လမ်းများနှင့်ပတ်သက်၍ Periodic Maintenance၊ Routine Maintenance၊ Special Maintenance ဆိုပြီး အပိုင်းသုံးပိုင်းဖြင့်ပြုပြင်ဆောင်ရွက်လျက်ရှိပါတယ်။ အဆိုပါပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများနှင့်ပတ်သက်၍ သက်ဆိုင်ရာက ပုံမှန်စစ်ဆေးရေးအဖွဲ့များအစီအစဉ်ဖြင့် Maintenance လုပ်ငန်းများ စီစဉ်ဆောင်ရွက်လျက်ရှိပြီး ပြုပြင်ထိန်းသိမ်းရေးစရိတ်များကို ပြည်ထောင်စုအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေများဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်များမှစ၍ လုပ်ငန်းများကို စနစ်တကျဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ကျွန်းစုမြို့နယ်၊ အညင်းကျေးရွာနှင့် ဘုရားထွက်ကျေးရွာသို့ ဆက်သွယ်ထားသည့် တံတား ၁၇၀၀ ပေအား မည်သည့်အချိန်တွင် တည်ဆောက်ပေးမည်ကိုသိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကျွန်းစုမဲဆန္ဒနယ်မှ ဒေါ်တင်တင်ရီ မေးမြန်းဖို့ဖြစ်ပါတယ်၊

**ဒေါ်တင်တင်ရီ(ကျွန်းစုမဲဆန္ဒနယ်)**။ ။ ကျွန်မကတော့ တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်တင်ရီ ဖြစ်ပါတယ်ရှင်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ကျွန်မမေးမြန်းလိုတဲ့မေးခွန်းကတော့ တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ ညောင်ဘီးကျေးရွာအုပ်စု၊ အညင်းကျေးရွာနှင့် ကျွဲခရံကျေးရွာအုပ်စု၊ ဘုရားထွက်ကျေးရွာသို့ ဆက်သွယ်ထားသည့်တံတား ပေ ၁၇၀၀ အား မည်သည့်အချိန်တွင် တည်ဆောက်သွားမည်ကို မေးမြန်းလိုခြင်း ဖြစ်ပါတယ်ရှင်။ ၎င်းမေးခွန်းကို မေးမြန်းရခြင်းအကြောင်းမှာ တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ ညောင်ဘီးကျေးရွာအုပ်စု အညင်းကျေးရွာနှင့် ကျွဲခရံကျေးရွာအုပ်စု ဘုရားထွက်ကျေးရွာသို့ ဆက်သွယ်ထားသည့် ပေ ၁၇၀၀ ရှိတံတားတစ်စင်းအား တည်ဆောက်ရန်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၃၀-၆-၂၀၁၅ ရက်စွဲပါ စာအမှတ်၊ ၁၇၅၄/၃၁၃တံတား(၃-၄)အဖရ/၂၀၁၅ အရ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ရန်ပုံငွေတွင် လျာထားမည်ဖြစ်ကြောင်းကို အကြောင်းကြားစာ ရရှိခဲ့ပါသည်။ ၎င်းအပြင် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် ထားဝယ်မြို့၏ ၂၂-၇-၂၀၁၅ ရက်စွဲပါ စာအမှတ်၊ ၄၄၈/၆/၁၃-၅၀၇ လွှတ်တော်(တနင်္သာရီ)အရလည်းကောင်း၊ ၎င်းကျွန်းစုသို့ဆက်သွယ်မည့် တံတားနှစ်စင်းတည်ဆောက်ခွင့်ပြုရန် တင်ပြသည့်ကိစ္စတွင် အညင်းကျေးရွာနှင့်ဘုရားထွက် ကျေးရွာသို့ဆက်သွယ်မည့် တံတားပေ ၁၇၀၀ အတွက် ခန့်မှန်းကုန်ကျငွေကျပ် ၄၂၅၀ သန်းနှင့် လည်းကောင်း၊ မြိတ်မြို့နယ်၊ မဲဘမ်းကျေးရွာနှင့် ကျွန်းစုမြို့ မောင်းလှော်ကျေးရွာသို့ဆက်သွယ် ထားသောတံတား ပေ ၁၈၀၀ အတွက် ခန့်မှန်းကုန်ကျငွေကျပ် ၄၅၀၀ သန်းနှင့် စုစုပေါင်းကုန်ကျငွေ ကျပ် ၈၇၅၀ သန်းအား ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေတွင် လျာထားမည်ဖြစ်ကြောင်းကို မိတ္တူစာဖြင့် ရရှိခဲ့ပါတယ်။ သို့ရာတွင် တံတား တည်ဆောက်မှုအကောင်အထည်ဖော်လုပ်ငန်းဆောင်ရွက်ခြင်းကို မတွေ့ရှိရသဖြင့် မဲဘမ်းကျေးရွာ နှင့် မောင်းလျော်တံတားကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ် က မေးခွန်းမေးမြန်းရာ တာဝန် ပေးအပ်ခဲ့ပြီး ယခုအချိန်တွင် ၃၀ ရာခိုင်နှုန်းခန့်ဆောက်လုပ်ပြီးစီး နေကြောင်း တွေ့ရှိရပါသည်။ သို့ပါ၍ အညင်းကျေးရွာနှင့် ဘုရားထွက်ကျေးရွာသို့ ဆက်သွယ် မည့်တံတားပေ ၁၇၀၀ အား ယနေ့တိုင် မည်သို့မျှအရေးယူဆောင်ရွက်ထားခြင်း မရှိသေးပါသဖြင့် အဆိုပါတံတားအား မည်သည့် အချိန်ကာလတွင် စတင်တည်ဆောက်သွားမည်ကို သိရှိလိုပါကြောင်း ၎င်းကျေးရွာများရှိ ဒေသခံများ ကိုယ်စား မေးမြန်းပေးရခြင်းဖြစ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်တင်ရီမေးမြန်းသော ကျွန်းစုမြို့နယ်၊ ညောင်ဘီးကျေးရွာ အုပ်စု၊ အညင်းကျေးရွာနှင့် ကျွဲခရံကျေးရွာသို့ ဆက်သွယ်ထားသည့်တံတား ၁၇၀၀ ပေအား မည်သည့်အချိန်တွင်တည်ဆောက်ပေးမည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းတဲ့မေးခွန်းအား ဖြေကြား သွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ ကျွန်းစုမြို့နယ် အတွင်းရှိ ညောင်ဘီကျေးရွာအုပ်စု၊ အညင်းကျေးရွာနှင့် ကျွဲခရံကျေးရွာအုပ်စု၊ ဘုရားထွက်ကျေးရွာ တို့ကိုဆက်သွယ်မည့် ကျေးရွာချင်းဆက်တံတားသည် ဆောက်လုပ်ရေး

ဝန်ကြီးဌာန၊ ကျေးလက် လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲသောလမ်းပေါ်တွင်ရှိသော တံတားဖြစ်ပါတယ်။ အဆိုပါတံတား ကို တည်ဆောက်ပြီးစီးသွားရင်တော့ ကျေးရွာပေါင်း ၂၉ ရွာ၊ အိမ်ခြေပေါင်း ၃၃၀၀ ကျော်နှင့် လူဦးရေပေါင်း ၂၀၀၀၀ ကို အကျိုးပြုမယ့်တံတား ဖြစ်ပါတယ်။ သို့သော်လည်းပဲ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်ရန်ပုံငွေမှာမပါရှိတဲ့အတွက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်နောက်ပိုင်းကာလများမှာ ရန်ပုံငွေထည့်သွင်းလျာထားပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါပြီ။

## စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက တင်သွင်းသည့် တိုက်ရိုက်ရောင်းချခြင်း ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက တင်သွင်းသော တိုက်ရိုက်ရောင်းချခြင်းဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့(၁၉-၅-၂၀၂၀ ရက်နေ့)တွင် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း ပြုလုပ်ခဲ့ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၂၁-၅-၂၀၂၀ ရက်နေ့ နောက်ဆုံးထားပြီး အမည်စာရင်းပေးသွင်းရန်တောင်းခံခဲ့ရာ ကိုယ်စားလှယ်ငါးဦးတို့က အမည်စာရင်းတင်သွင်းလာခဲ့ပါတယ်။ ယင်း

ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီ၊ နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ စီးပွားရေးနှင့်ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ပြင်ဆင်ချက်အဆို တင်သွင်းတဲ့ လွှတ်တော်ကိုယ်စားလှယ်များနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်တို့က ပြန်လည်စိစစ်ခဲ့ကြပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးအတည်ပြုခြင်းများကို ဆောင်ရွက်ပါမယ်။ ဒီလိုဆွေးနွေးရာမှာ ဥပဒေကြမ်း၏ ခေါင်းစဉ်၊ နိဒါန်းမှအစ အပိုဒ်၊ အပိုဒ်ခွဲများနှင့် ဥပဒေကြမ်းတစ်ခုလုံးပါဝင်မှာဖြစ်ပါတယ်။ အပိုဒ်၊ အပိုဒ်ခွဲ အစဉ်လိုက်အတည်ပြုနိုင်ရေးဆောင်ရွက်ရာမှာ ပြင်ဆင်ချက်မရှိ ပါက မူလအဆိုပြုပြဋ္ဌာန်းချက်အတိုင်း အတည်ပြုနိုင်ရေးတင်ပြဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြင်ဆင်ချက်ရှိတဲ့အပိုဒ်၊ အပိုဒ်ခွဲများအတွက် ဥပဒေကြမ်းကော်မတီက သက်ဆိုင်ရာအပိုဒ်၊ အပိုဒ်ခွဲအလိုက် ဆွေးနွေးခြင်းများပြုလုပ်ပြီး လွှတ်တော်ရဲ့ဆန္ဒသဘောထားရယူ၍ ဆုံးဖြတ်အတည်ပြုသွားမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ နည်းဥပဒေခွဲ(ဃ)အရ တိုက်ရိုက်ရောင်းချခြင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်အချက်(၅၀)ချက်ကို တင်သွင်းဖို့ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးကျော်စိုးလင်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဒုတိယဝန်ကြီးများအားလုံးမင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး ဦးကျော်စိုးလင်း ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီ၏ကိုယ်စား တင်ပြသွားမှာဖြစ်ပါတယ်ခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့ခဲ့တဲ့ တိုက်ရိုက်ရောင်းချခြင်းဥပဒေကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေးနိုင်ရန် ပေးပို့လာခြင်း

ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ၁၉-၅-၂၀၂၀ ရက်(အင်္ဂါနေ့)မှာ လွှတ်တော်သို့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ စိစစ်လေ့လာတွေ့ရှိချက်အစီရင်ခံစာကို တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ပြင်ဆင်ချက်အဆိုများကိုလည်း ၂၁-၅-၂၀၂၀ ရက်(ကြာသပတေးနေ့)မှာ နောက်ဆုံးထား၍ တင်သွင်းနိုင်ကြောင်း ကြေညာခဲ့တဲ့အတွက်ကြောင့်မို့လို့ ဆွေးနွေးရန်နဲ့ ပြင်ဆင်ချက်အဆို တင်သွင်းလာတဲ့ လွှတ်တော်ကိုယ်စားလှယ်ငါးဦးရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ငါးဦးမှာ အောင်မြေသာစံမဲဆန္ဒနယ်မှ ဒေါက်တာလှမိုး၊ ဒက္ခိဏသီရိမဲဆန္ဒနယ်မှ ဦးသန့်ဇင်ထွန်း၊ လှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်ကျော်ဦး၊ မော်လိုက်မဲဆန္ဒနယ်မှ ဒေါ်ချိုချိုဝင်းနဲ့ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးထင်လင်းဦးတို့ ဖြစ်ကြပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ၁၄-၇-၂၀၂၀ ရက်(အင်္ဂါနေ့)မှာ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီနှင့်အတူ ဆွေးနွေးရန်နဲ့ ပြင်ဆင်ချက်အဆိုတင်သွင်းသူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်သူ့ လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဖွံ့ဖြိုး တိုးတက်ရေးကော်မတီ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနဲ့ ပြည်ထောင်စုရှေ့နေ ချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးကို ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ပါတယ်။ အဲဒီညှိနှိုင်းအစည်းအဝေးရဲ့ သဘောတူဆုံးဖြတ်ချက်အရ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ ၏ ပြင်ဆင်ရန်တင်ပြချက် အချက်(၅၀)ချက်ရှိပါတယ်။ ပြင်ဆင်ရန်တင်ပြချက်ဇယားများကိုလည်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်ခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန်တင်ပြချက် အချက်(၅၀)ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

| စဉ် | စာမျက်နှာ | အမှတ်စဉ် | အပိုဒ်နှင့် အပိုဒ်ခွဲ |
|---|---|---|---|
| (က) | ၁ မှ ၄ | ၂၊ ၆၊ ၈၊ ၁၀၊ ၁၂၊ ၁၄ | ဥပဒေခေါင်းစည်း၊ အပိုဒ် ၂ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ဃ)နှင့် (င)၊ အပိုဒ်ခွဲ(ဆ)၊ အပိုဒ်ခွဲ(ဌ)နှင့် (ဋ)၊ အပိုဒ်ခွဲ(တ) |
| (ခ) | ၅ | ၁၆၊ ၁၉ | အပိုဒ် ၃ အပိုဒ်ခွဲ(ဂ) နှင့် (ဃ)၊ အပိုဒ် ၄ အပိုဒ်ခွဲ(က) |
| (ဂ) | ၆ မှ ၈ | ၂၃၊ ၂၅၊ ၂၇၊ ၂၉ ၃၀၊ ၃၂၊ ၃၃ ၃၄၊ ၃၅၊ ၃၆ | အပိုဒ် ၅ အပိုဒ်ခွဲ (က)၊ အပိုဒ်ဒ်ခွဲ (ဃ)၊ အပိုဒ် ၄ အပိုဒ်ခွဲ(စ)၊ အသစ်ဖြည့်စွက်ချက် အပိုဒ်ခွဲ(ဇ)၊ အပိုဒ်ခွဲ(ဈ)၊ အသစ် ဖြည့်စွက်ချက် အပိုဒ်ခွဲ(ဉ)၊ အပိုဒ် ၆၊ အပိုဒ် ၇၊ အပိုဒ် ၈၊<br>အပိုဒ် ၉ |
| (ဃ) | ၉ | ၃၉၊ ၄၀၊ ၄၁၊ ၄၂ | အပိုဒ် ၁၁၊ အပိုဒ်၁၂၊ အဆိုပြုပြင်ဆွာန်းချက် အပိုဒ် ၁၂ အပိုဒ်ခွဲ (ဃ)ကို ပယ်ဖျက်ခြင်း၊ အပိုဒ် ၁၃ |
| (င) | ၁၀ | ၄၅၊ ၄၇၊ ၄၉ | အပိုဒ် ၁၄ အပိုဒ်ခွဲ (ခ)၊ အပိုဒ်ခွဲ (ဃ)၊ အသစ်ဖြည့်စွက်ချက် အပိုဒ်ခွဲ (စ) |
| (စ) | ၁၀ မှ ၁၂ | ၅၂၊ ၅၄၊ ၅၆၊ ၅၇ | အပိုဒ် ၁၅၊ အပိုဒ်ခွဲ(က)နှင့် (ခ)၊ အပိုဒ်ခွဲ(ဍ)နှင့် (ဌ)၊ အသစ် ဖြည့်စွက်ချက် အပိုဒ်ခွဲ(ဎ)၊ အသစ်ဖြည့်စွက်ချက် အပိုဒ်ခွဲ (ဏ) |
| **စဉ်** | **စာမျက်နှာ** | **အမှတ်စဉ်** | **အပိုဒ်နှင့် အပိုဒ်ခွဲ** |
| (ဆ) | ၁၂ မှ ၁၃ | ၆၀၊ ၆၁၊ ၆၃ | အသစ်ဖြည့်စွက်ချက် အပိုဒ် ၁၆ အပိုဒ်ခွဲ(က) (ခ)နှင့် (ဂ)၊ အပိုဒ်ခွဲ(ဃ)၊ အပိုဒ်ခွဲ(စ) |
| (ဇ) | ၁၄ | ၆၆၊ ၆၈၊ ၇၀၊ ၇၁ | အပိုဒ် ၁၇ ခြေဆင်း၊ အပိုဒ်ခွဲ(ဂ)နှင့် (ဃ)၊ အပိုဒ် ၁၈၊ အပိုဒ် ၁၉ အပိုဒ်ခွဲ(က) |
| (ဈ) | ၁၅ မှ ၁၆ | ၇၄၊ ၇၅၊ ၇၆၊ | အပိုဒ် ၂၀ ခြေဆင်း အပိုဒ်ခွဲ(က)နှင့် (ခ)၊ အဆိုပြု |

| | | | |
|---|---|---|---|
| | | ၇၇၊ ၇၈ | ပြဋ္ဌာန်းချက် အပိုဒ် ၂၀ အပိုဒ်ခွဲ(ဂ)ကို ပယ်ဖျက်ခြင်း၊ အပိုဒ် ၂၀ အပိုဒ်ခွဲ(ဂ) (ဃ) (င)နှင့် (စ)၊ အဆိုပြုပြဋ္ဌာန်းချက် အပိုဒ်ခွဲ(ဇ)ကို ပယ်ဖျက်ခြင်း၊ အပိုဒ်ခွဲ(ဆ) (ဇ) နှင့် (ဈ) |
| (ည) | ၁၆ မှ ၁၇ | ၇၉၊ ၈၀၊ ၈၁၊ ၈၂၊ ၈၃ | အခန်း (၁၂) ခေါင်းစဉ်၊ အပိုဒ် ၂၁၊ အပိုဒ် ၂၂၊ အပိုဒ် ၂၃၊ အပိုဒ် ၂၄ |
| (ဋ) | ၁၇ မှ ၁၈ | ၈၆၊ ၈၈၊ ၈၉၊ ၉၁ | အပိုဒ် ၂၆၊ အသစ်ဖြည့်စွက်ချက် အပိုဒ် ၂၈၊ အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၂၈ ကိုပယ်ဖျက်ခြင်း၊ အပိုဒ် ၂၉ အပိုဒ်ခွဲ (ခ) |

သို့ဖြစ်ပါသောကြောင့် ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန်တင်ပြချက် အချက်(၅၀)ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်သွင်းအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဦးအောင်ထူး(ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်ထောင်စုအဆင့်ဝင်များ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ တိုက်ရိုက်ရောင်းချခြင်းဥပဒေကြမ်းနှင့်ပတ်သက်၍ ကျွန်တော် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးကပဲ ပြည်ထောင်စု အစိုးရအဖွဲ့ရဲ့ကိုယ်စား တင်ပြသွားမှာဖြစ်ပါတယ်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာနအနေနဲ့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ချက်ဖြင့်တင်ပြထားသည့်

တိုက်ရိုက်ရောင်းချခြင်းဥပဒေကြမ်းအပေါ် သဘောတူညီပါကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တိုက်ရိုက်ရောင်းချခြင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်အချက်(၅၀)ချက်အား အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူတဲ့သူမရှိတဲ့အတွက် တိုက်ရိုက်ရောင်းချခြင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အချက်(၅၀)ချက်ကို ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်များအတိုင်း ဤဥပဒေကြမ်းရဲ့အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါပြီ။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက တင်သွင်းသော တိုက်ရိုက်ရောင်းချခြင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းခြင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်းများ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ လွှတ်တော်ရဲ့ ပြင်ဆင်အတည်ပြုချက်များကြောင့် ပြောင်းလဲသွားတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အမှတ်စဉ်များကိုလည်း တစ်ပါတည်းအတည်ပြုချက်ရယူသွားမှာဖြစ်ပါတယ်။ ဒါကြောင့် တိုက်ရိုက်ရောင်းချခြင်းဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲများအတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်]

## မူကြမ်း

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူတဲ့သူမရှိတဲ့အတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက တင်သွင်းသော တိုက်ရိုက်ရောင်းချခြင်း ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲများအတိုင်း အတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၁ အရ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာပါတယ်။

**မြန်မာနိုင်ငံတစ်ဝန်းတွင် ယာဉ်တိုက်မှု၊ ယာဉ်မတော်တဆဖြစ်မှုများကြောင့် သေဆုံးခြင်း၊ ထိခိုက်ဒဏ်ရာရခြင်းများ တဖြည်းဖြည်းမြင့်တက်လာနေပါသောကြောင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်နှင့်ပတ်သက်၍ အသိပညာပေးခြင်း၊ အရေးယူခြင်းများကို ယခုထက်ပို၍ ထိထိရောက်ရောက် အရှိန်မြှင့်ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရကို တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ် ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးမင်းသိန်းက အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ ဦးမင်းသိန်းအား အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးမင်းသိန်း(တောင်တွင်းကြီးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်အားလုံး ရွှင်လန်းချမ်းမြေ့ကြပါစေ။ ကျွန်တော်ကတော့ တောင်တွင်းကြီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းသိန်းဖြစ်ပါတယ်။ ကျွန်တော် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူ့လွှတ်တော်ကြီးသို့ အဆိုတစ်ခုတင်သွင်းမှာဖြစ်ပါတယ်။ အဲဒီအဆို ကတော့ မြန်မာနိုင်ငံတစ်ဝန်းမှာ ယာဉ်တိုက်မှု၊ ယာဉ်မတော်တဆဖြစ်မှုများ တဖြည်းဖြည်းမြင့်တက် များပြားလာတဲ့ အတွက်ကြောင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်နဲ့ပတ်သက်၍ အသိပညာပေးခြင်း၊ အရေးယူခြင်းများကို ယခုထက်ပို၍မြှင့်တင်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရကို

တိုက်တွန်းကြောင်းအဆို ဖြစ်ပါတယ်။ ဒီနေရာမှာ ယခုထက်ပို၍ အရှိန်မြှင့်ပေးပါရန်ဆိုတဲ့စကားကို သတိချက်စေလိုပါတယ်။ ဒီအဆိုမှာပါဝင်တဲ့ ကိန်းဂဏာန်းအချက်အလက်ဟာ ၂၀၁၉ ခုနှစ်ကို အခြေခံထားပါတယ်။ ၂၀၁၉ ခုနှစ် ဇန်နဝါရီလကစပြီး အောက်တိုဘာလအထိ(၁၀)လတိုင် ကာလလေးအတွင်းမှာ ယာဉ်တိုက်မှုကြောင့် သေဆုံးသူ ၄၃၈၇ ဦးရှိကြောင်း မြန်မာနိုင်ငံယာဉ်ထိန်း တပ်ဖွဲ့ရဲ့ ထုတ်ပြန်ကြေငြာချက်အရသိရပါတယ်။ ဒါကြောင့် တစ်လကို ၄၃၈ ဦး၊ တစ်ရက်ကို ၁၄ ဦး လောက် ယာဉ်တိုက်မှု၊ ယာဉ်မတော်တဆဖြစ်မှုများကြောင့် သေဆုံးနေတာကို တွေ့ရပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးကလည်း မြန်မာနိုင်ငံရဲ့ ယာဉ်မတော်တဆဖြစ်မှု၊ ယာဉ်တိုက်မှုတို့ကြောင့် သေဆုံးရသူများဟာ တဖြည်းဖြည်းမြင့်တက်လာနေကြောင်း လူတစ်သိန်းလျှင် ၂၀ ဦးဟာ ယာဉ်တိုက်မှု၊ ယာဉ်မတော်တဆဖြစ်မှုကြောင့် သေဆုံးနေကြောင်း ၂၀၁၈ ခုနှစ်က ထုတ်ပြန် ကြေညာထားဖူးပါတယ်။ ကင်ဆာရောဂါနှင့် အခြားမကူးစက်တတ်သည့်ရောဂါများကြောင့် သေဆုံးမှုထက် ယာဉ်မတော်တဆဖြစ်မှု၊ ယာဉ်တိုက်မှုကြောင့်သေဆုံးသူ၊ ထိခိုက်ဒဏ်ရာရသူ အရေအတွက်ဟာ အမြင့်ဆုံးအနေအထားကိုရောက်ရှိနေပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယာဉ်တိုက်မှု၊ ယာဉ်မတော်တဆဖြစ်မှုကြောင့် သေဆုံးရသူအားလုံးရဲ့ ၆၅ ရာခိုင်နှုန်းဟာ ဆိုင်ကယ် စီးနင်းခြင်းနဲ့သက်ဆိုင်နေပါတယ်။ ယနေ့အခါမှာ မော်တော်ဆိုင်ကယ်ဆိုတာ တောရော၊ မြို့ပါ မကျန် မရှိမဖြစ်အိမ်သုံး၊ လုပ်ငန်းသုံးပစ္စည်းဖြစ်နေပါပြီ။ အဲဒီအပြင် အိမ်သုံးဆိုင်ကယ်များကို ကိုယ်နည်းကိုယ့်ဟန်နဲ့ ဘေးတွဲတွေ၊ နောက်တွဲတွေ တီထွင်တပ်ဆင်အသုံးပြုနေကြတာကို မြို့အနှံ့၊ ရွာအနှံ့မှာ တွေ့မြင်နေရပါတယ်။ အဲဒီဘေးတွဲ၊ နောက်တွဲဆိုင်ကယ်များကို ခရီးသည်တင်ခြင်း၊ ကုန်တင်ခြင်း၊ ကုန်ပစ္စည်းအရောင်းယာဉ်များအဖြစ်နဲ့ အသုံးပြုနေကြပါတယ်။ ဒီကိစ္စဟာ ဥပဒေနဲ့ မညီတဲ့တီထွင်၊ တပ်ဆင်၊ ပုံပြောင်းခြင်းများဖြစ်သော်လည်း ထိထိရောက်ရောက်အရေးယူမှုမရှိတဲ့ အတွက်ကြောင့် များပြားလာနေတာကိုတွေ့ရပါတယ်။ အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်

ကင်းရှင်းရေးကောင်စီ(NRSC)နဲ့ WHO တို့ရဲ့စစ်တမ်းများအရ မြန်မာနိုင်ငံမှာယာဉ်တိုက်မှု၊ ယာဉ်မတော်တဆဖြစ်မှုများကြောင့် သေဆုံးသူဟာ တစ်နှစ်လျှင် ၅၀၀၀ ဦးရှိပါက ထက်ဝက်ကျော် ၃၀၀၀ ဦးလောက်ဟာ ဆိုင်ကယ်စီးသူများဖြစ်ပါတယ်။ သေဆုံးရခြင်းအကြောင်းရင်းနဲ့မှ ဆိုင်ကယ်စီးဦးထုပ်များမဆောင်းခြင်းနှင့် ဆောင်းပြန်တော့လည်း အရည်အသွေးရှိတဲ့၊ အရည်အသွေးမီတဲ့ဦးထုပ်များကို မဆောင်းတဲ့အတွက်ကြောင့်ဖြစ်ပါတယ်။ မော်တော်ဆိုင်ကယ် သာမက Light Truck၊ DYNA ယာဉ်များကိုလည်း လူစီးယာဉ်အဖြစ်နဲ့ အသုံးပြုခြင်းတွေဟာ အန္တရာယ်ရှိကြောင်းသိရပါတယ်။ ဥပမာအားဖြင့် ၂၀၁၉ ခုနှစ် အောက်တိုဘာလမှာ ရှင်မြို့မှာ Light Truck ယာဉ်တစ်စီး ချောက်ထဲထိုးကျရာမှ ခရီးသည်စုစုပေါင်း ၁၅ ဦးသေဆုံးခဲ့ပါတယ်။ ဒီလိုထိတ်လန့်တုန်လှုပ်ဖွယ်သတင်းထူးများကိုလည်း မကြာမကြာကြားရပါတယ်။ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်မှာ သပိတ်ကျင်းမြို့နယ်မှာ ခရီးသည်တင်ယာဉ်တစ်စီး တိမ်းမှောက်ခဲ့ရာမှာ ၁၃ ဦး သေဆုံးခဲ့ပါတယ်။ နိုဝင်ဘာလ ၂၂ ရက်နေ့မှာ ဂန့်ဂေါမြို့နယ်မှာလည်းပဲ ခရီးသည်တင်ယာဉ် ဘရိတ်ပေါက်ပြီးတော့ တိမ်းမှောက်ခဲ့ရာ ခြောက်ဦးသေဆုံးခဲ့ရတာ ဒီလိုသတင်းမျိုးတွေကို မကြာမကြာကြားရပါတယ်။ အထူးအားဖြင့်တော့ ဖျာပုံမြို့နယ်အဝင် တံတားကုန်းအဆင်းတစ်ခုမှာ လျှပ်စစ်မီးတိုင်တွေတင်ထားတဲ့ ကားတစ်စီးရပ်ထားတာကို နောက်ကနေပြီး လူစီးကားက ဝင်တိုက်ခဲ့ပါတယ်။ ညသန်းခေါင်ကျော်အချိန်ကြီးဖြစ်တော့ လူစီးယာဉ်ပေါ်မှာပါလာတဲ့ လူငယ် ဆရာဝန်သုံးဦးဟာ နေရာတွင်မှာပဲ မရှုမလှသေဆုံးခဲ့ရတာ ထိတ်လန့်တုန်လှုပ်ဖွယ်၊ အလွန်တရာ ဝမ်းနည်းကြေကွဲဖွယ်ဖြစ်ရပ်ဖြစ်ပါတယ်။ တိုင်းပြည်အတွက် ပညာတတ်ဆရာဝန်လေးတွေဆုံးရှုံးခဲ့ ပါတယ်။ ဒီလိုအဖြစ်မျိုး၊ ဒီလိုကိစ္စများ ယာဉ်မတော်တဆဖြစ်မှုကိစ္စများကို ကျွန်တော် Power Point နဲ့တင်ပြချင်သော်လည်းပဲ ဝမ်းနည်းတုန်လှုပ်ဖွယ်ရာတွေဖြစ်နေတာကြောင့် ကျွန်တော့်အနေနဲ့ မတင်ပြတော့ပါဘူး။ ဒီအပြင် မြန်မာနိုင်ငံမှာ အသက်ငါးနှစ်ကနေ ၂၉ နှစ်ကြား လူငယ်များသေဆုံး နေရခြင်းအကြောင်းအရင်းထဲမှာ ယာဉ်တိုက်မှုကြောင့်လည်းကောင်း၊ ယာဉ်မတော်တဆဖြစ်မှု

ကြောင့်လည်းကောင်း သေဆုံးနေရပါတယ်။ ဒီအသက်အရွယ်လေးတွေဟာ တိုင်းပြည်ရဲ့အနာဂတ် မျိုးဆက်သစ်လေးတွေဖြစ်သော်လည်းပဲ အရွယ်အတိုင်မီ သေဆုံးနေရတာဟာ ဝမ်းနည်းဖွယ်ရာပါ။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ၂၀၁၉ ခုနှစ် အောက်တိုဘာလထိ ယာဉ်တိုက်မှု၊ ယာဉ်မတော်တဆဖြစ်မှုကြောင့် သေဆုံးရခြင်းထဲမှာ အများဆုံးကတော့ ရန်ကုန်တိုင်းဒေသကြီးဖြစ်ပြီးတော့ သေဆုံးသူကတော့ ၅၆၇ ဦးဖြစ်ပါတယ်။ ဒုတိယအများဆုံးကတော့ ပဲခူးတိုင်းဒေသကြီး ဖြစ်ပါတယ်။ သေဆုံးသူ ၅၃၆ ဦးရှိပါတယ်။ တတိယအများဆုံးကတော့ မန္တလေးတိုင်းဒေသကြီးဖြစ်ပါတယ်။ သေဆုံးသူ ၅၀၆ ဦးရှိပါတယ်။ ဒီတိုင်းဒေသကြီးသုံးခုထဲမှာတင်ပဲ ၂၀၁၉ ခုနှစ် ၁၀ လတာကာလအတွင်း သေဆုံးသူဟာ ၁၆၀၉ ဦးရှိခဲ့ပါတယ်။ ကျန်တဲ့တိုင်းဒေသကြီးများ၊ ပြည်နယ်များနဲ့ ပြည်ထောင်စုနယ်မြေတွေမပါဝင်သေးပါဘူး။ ဒီတော့ ကျန်တဲ့တိုင်းဒေသကြီးများ၊ ပြည်နယ်များနဲ့ ပြည်ထောင်စုနယ်မြေများကိုပါ ထည့်သွင်းရေတွက်ရရင်တော့ များပြားလှတဲ့ကိန်းဂဏန်းတွေကို တွေ့ရပါလိမ့်မယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ယာဉ်မတော်တမှုအများဆုံးဖြစ်နေတဲ့ လမ်းမကြီးကတော့ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးဖြစ်ပါတယ်။ ၂၀၁၉ ခုနှစ် နှစ်ချုပ်စာရင်းအရ ဒီလမ်းမကြီးပေါ်မှာ ယာဉ်မတော်တဆမှုအကြိမ်ပေါင်း ၅၀၀ ကျော်ရှိခဲ့ပါတယ်။ သေဆုံးသူက ၁၀၆ ဦးရှိပါတယ်။ ထိခိုက်ဒဏ်ရာရသူက ၁၀၀၀ ဦးကျော်ပါတယ်။ ဒီတော့ ဒီအမြန်လမ်းမကြီးပေါ်မှာ တစ်လတစ်လကို ပျမ်းမျှခြင်းအားဖြင့် ငါးဦးကနေ ၁၀ ဦးခန့်သေဆုံးနေတာကို တွေ့ရပါတယ်။ ယာဉ်မတော်တဆမှု၊ ယာဉ်တိုက်မှုကြောင့် သေဆုံးသွားတဲ့သူက အိမ်ထောင်ဦးစီးဖြစ်နေမယ်ဆိုရင် အိမ်ထောင်အတွက် စီးပွားရှာ၊ ဝင်ငွေရှာပေးနေတဲ့သူဖြစ်လျှင် ကျန်ရစ်သူ၊ မှီခိုသူများမှာများစွာဒုက္ခရောက်ရပါတယ်။ သေတဲ့သူက အသက်ရှုရပ်သွားတာဖြစ်ပေမဲ့ ကျန်တဲ့သူက အသက်ရှူကြပ်သွားတယ်ဆိုတဲ့ အများပြောနေတဲ့စကားပုံလိုပါပဲ။ ဒီအပြင် မိခင်ရော၊ ဖခင်ပါယာဉ်မတော်တဆဖြစ်တဲ့

အတွက်ကြောင့် သေဆုံးသွားရပြီး သားငယ်၊ သမီးငယ်လေးတွေ ကျန်ရစ်ခဲ့တာကိုလည်း ဂျာနယ် စာမျက်နှာများပေါ်မှာ တွေ့မြင်ဖတ်ရှုရပါတယ်။ ယာဉ်မတော်တဆမှု၊ ယာဉ်တိုက်မှုကြောင့် အသက်မသေသော်လည်း မသန်မစွမ်းဖြစ်သွားရတာ၊ ဆေးကုပေးရတာတို့၊ ဆေးကုစရိတ် မတတ်နိုင်လို့ လယ်ရောင်း၊ ယာရောင်း၊ နွားရောင်းရတာတွေလည်း ကျွန်တော်တို့နယ်တွေမှာ ကြားသိနေရပါတယ်။ ကိုယ်ခန္ဓာမသန်စွမ်းဖြစ်သွားလို့ လူမသေသော်လည်း ဘဝသေသွားရတာ တွေ့ရှိပါတယ်။ ခြေပြတ်၊ လက်ပြတ်ဖြစ်ရတာတွေလည်း မနည်းလှပါဘူး။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်များ ခင်ဗျား။ ဒီနေရာမှာ လူတွေက စည်းကမ်းမရှိလို့၊ ဥပဒေကို မလိုက်နာလို့ ဖြစ်ရတာပါ လို့ ပြောရင် ဖြစ်သော်လည်းပဲ အသိပညာပေးရမယ့်ကိစ္စ၊ အရေးယူရမယ့်ကိစ္စဟာ အစိုးရရဲ့တာဝန် ဖြစ်ပါတယ်။ ယခုအချိန်၌ တာဝန်ရှိသူများက အသိပညာပေးမှု၊ အရေးယူမှုများရှိနေသော်လည်းပဲ အားနည်းချက်၊ လိုအပ်ချက်များရှိနေတဲ့အတွက်ကြောင့် ယခုထက်ပို၍ အာရုံစိုက်ပြီး အရှိန်မြှင့်ပြီးတော့ ဆောင်ရွက် ပေးဖို့ ပြည်ထောင်စုအစိုးရကို တိုက်တွန်းကြောင်းအဆိုကို ပြည်သူ့လွှတ်တော်ကြီးမှ လက်ခံ ဆွေးနွေးပေးပါရန် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာတင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဦးမင်းသိန်း တင်သွင်းသွားတဲ့အဆိုကို ထောက်ခံမယ့်လွှတ်တော် ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးနေထက်ဝင်း(ဆင်ပေါင်ဝဲမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးကိုမင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေထက်ဝင်း ဖြစ်ပါတယ်။ တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးမင်းသိန်း တင်သွင်းခဲ့တဲ့ မြန်မာနိုင်ငံတစ်ဝန်းတွင် ယာဉ်တိုက်မှု၊ ယာဉ်မတော်တဆဖြစ်မှုများ တဖြည်းဖြည်းမြင့်တက်လာနေပါသောကြောင့်

ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်နှင့်ပတ်သက်၍ အသိပညာပေးခြင်း၊ အရေးယူခြင်းများကို ယခု ထက်ပို၍ ထိထိရောက်ရောက်အရှိန်မြှင့်ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရကို တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကြီးမှ လက်ခံဆွေးနွေးပေးပါရန် ထောက်ခံတင်ပြသွားပါမယ်။ အဆိုရှင်ရဲ့အဆိုမှာ ကိန်းဂဏန်းများနှင့်တင်ပြသွားတာ သိပ်ပြီးတော့ထင်ရှားလှပါတယ်။ ဒါပေမဲ့ အဆိုရှင်ရဲ့ကိန်းဂဏန်း ကာလဟာ ၂၀၁၉ ခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာလအတွင်းလို့ ဆိုထားပါတယ်။ ယခု ၂၀၂၀ ပြည့်နှစ် ဇူလိုင်လထဲကို ရောက်ရှိနေပါတယ်။ ၂၀၂၀ ပြည့်နှစ် မတ်လကစပြီး မြန်မာနိုင်ငံမှာ COVID-19 ရောဂါကူးစက်ပြန့်ပွားမှုမရှိရလေအောင် ခရီးသွားလာမှု များကို ကန့်သတ်မှုများ ထားရှိလာခဲ့ပါတယ်။ ဒါကြောင့် ယာဉ်တိုက်မှု၊ ယာဉ်မတော်တဆဖြစ်မှုများ လျော့ပါးသွားခဲ့ပါတယ်။ ဒါပေမဲ့ အနည်းငယ်ဖြေလျှော့ပေးခဲ့တဲ့ ဇွန်လကာလကစပြီး မော်တော်ယာဉ် မတော်တဆဖြစ်မှုတွေ၊ လူသေဆုံးမှုတွေကို ပြန်လည်ကြားသိလာရပါတယ်။ ဥပမာ- အမြန် လမ်းမကြီးပေါ်မှာ ၁-၆-၂၀၂၀ ရက်နေ့မှစပြီး ၃၀-၆-၂၀၂၀ ရက်နေ့(၁၉ နာရီ) အချိန် တစ်လတာကာလအတွင်း ယာဉ်မတော်တဆမှု(၃၉)မှု ဖြစ်ပွားခဲ့ကြောင်း သိရှိရပါတယ်။ ဒီတော့ တစ်နေ့(၁)မှုဖြစ်နေတာကို တွေ့ရပါတယ်။ ဒီမှာတင် မတော်တဆဖြစ်ရတဲ့ အကြောင်းရင်းတွေထဲမှာ လူကြောင့်ဖြစ်ရတာနှင့် ယာဉ်၏ချို့ယွင်းမှုကြောင့်ဖြစ်ရတာ နှစ်မျိုးရှိပါတယ်။ လူကြောင့်ဖြစ်ရ တာမှာ အရှိန်ပြင်းမှုကြောင့်ခုနစ်မှု၊ အိမ်ငိုက်မှုကြောင့်ငါးမှု၊ လမ်းကူးပေါ့ဆမှုကြောင့်တစ်မှု၊ ဆိုက်ကယ်ပေါ့ဆမှုကြောင့်သုံးမှု၊ မဆင်မခြင်မောင်းနှင်မှုကြောင့်ခြောက်မှု၊ ယာဉ်ကြောင့်ဖြစ်ပွားရ သည်မှာ ဘီးပေါက်ခြင်းကြောင့် ၁၆ မှု၊ စက်ချို့ယွင်းမှုကြောင့်တစ်မှု စသည်ဖြင့် တစ်လအတွင်း အမြန်လမ်းမကြီးပေါ်မှာဖြစ်ခဲ့တာ တွေ့ရပါတယ်။ ၂၀၂၀ ပြည့်နှစ် ပထမခြောက်လအတွင်းမှာပင် အမြန်လမ်းမကြီးပေါ်မှာ ယာဉ်မတော်တဆဖြစ်မှု ၁၈၃ ကြိမ် ဖြစ်ခဲ့ပါတယ်။ ၃၅ ဦး သေဆုံးခဲ့ပြီး ၂၀၂ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပါတယ်။

**မူကြမ်း**

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ ယခုတင်ပြခဲ့တာ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးပေါ်မှာ ဖြစ်တာပါ။ နောင်ကာလမှာလည်း အမြန်လမ်းမကြီးတွေ တစ်ခုပြီးတစ်ခု ပေါ်လာဦးမှာပါ။ အဲဒါကတော့ ဥပမာ – ပဲခူး-ကျိုက်ထို အမြန်လမ်းမကြီး ဖြစ်ပါတယ်။ ဒီတော့ အမြန်လမ်းမကြီးတွေပေါ်မှာ ယာဉ်မတော်တဆမှုများ ကြုံတွေ့လာရဦးမှာ ဖြစ်ပါတယ်။ ဒီလိုကြုံတွေ့လာရမှာကို စိုးရိမ်လို့ အမြန်လမ်းမကြီးတွေမလုပ်ရ၊ မဖောက်ရဘူးလို့ မဆိုလိုပါဘူး။ ဒီလမ်းမကြီးတွေကို အသုံးပြုပြီး သွားလာကြတဲ့ယာဉ်တွေလည်း များပြားလာမှာပါ။ ယနေ့ပြည်သူ့အစိုးရလက်ထက်မှာ လမ်းတွေတိုးတက်ကောင်းမွန်လာတာဟာ မျက်မြင်ပဲ ဖြစ်ပါတယ်။ ဒီအပြင် မော်တော်ယာဉ်တွေလည်း တိုးတက်များပြားလာနေပါတယ်။ လမ်းကောင်းကောင်းတွေပေါ်မှာ ယာဉ်အို၊ ယာဉ်ဟောင်း၊ ယာဉ်ကောင်း၊ ယာဉ်သစ်တွေပါ မောင်းနှင်အသုံးပြုနေကြပါတယ်။ ဒါကြောင့်လည်း ယာဉ်တိုက်မှုတွေနဲ့ ယာဉ်မတော်တဆမှုတွေကတော့ နေ့စဉ်သတင်းဂျာနယ်တွေမှာ တွေ့မြင်နေရပါတယ်။ မြန်မာနိုင်ငံမှာ ၂၀၁၁ ခုနှစ်က မှတ်ပုံတင်ထားတဲ့ မော်တော်ယာဉ်အစီးရေဟာ ၂.၃ သန်းသာရှိခဲ့သော်လည်း ယခုအခါ ၇.၄ သန်းကျော်ရှိနေပြီ ဖြစ်ကြောင်း သိရှိရပါတယ်။ ဒီတော့ ၁၀ နှစ်တာကာလအတွင်း မော်တော်ယာဉ်အစီးရေ သုံးဆကျော်လောက် တိုးတက်များပြားလာပြီ ဖြစ်ပါတယ်။ မော်တော်ယာဉ်ဆိုတဲ့စကားရပ်မှာ မော်တော်ဆိုင်ကယ်၊ နောက်တွဲယာဉ်၊ ဘေးတွဲယာဉ်၊ စက်ယန္တရားယာဉ်တွေလည်း ပါဝင်ပါတယ်။ ဒီတော့ မှတ်ပုံတင်ယာဉ်ကိုသာ ဆိုလိုပါတယ်။ မြန်မာနိုင်ငံမှာ မှတ်ပုံမတင်ထားတဲ့ မော်တော်ဆိုင်ကယ်အသစ်တွေ၊ အဟောင်းတွေရဲ့အရေအတွက်ဟာ ဘယ်လောက်များပြားနေပြီဖြစ်ကြောင်းကို ခန့်မှန်းဖို့ကတော့ မလွယ်ကူလှပါဘူး။ ဒါကြောင့် ယာဉ်အန္တရာယ်၊ ယာဉ်မတော်တဆဖြစ်မှုတွေ ပိုမိုများပြားမလာရအောင် ပိုမိုလုပ်ဆောင်ရတော့မှာ ဖြစ်ပါတယ်။ ဒီကနေ့သတင်းစာတွေထဲမှာ တွေ့နေရတာကတော့ မော်တော်ယာဉ်ကားတွေကို မြန်မာနိုင်ငံအတွင်းမှာပဲ ထုတ်လုပ်ရောင်းချနေပြီဖြစ်ပါတယ်။ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်နေ့ The Voice သတင်းစာအရ SUZUKI

Myanmar ဟာ ပြည်တွင်းမှာ SKT စနစ်နဲ့၊ CKT၊ SKT စနစ်နဲ့ SUZUKI CIAZ၊ SUZUKI ERTIGA၊ SUZUKI Carry တို့ကို တပ်ဆင်ထုတ်လုပ်နေပြီး တစ်လလျှင် အစီး ၆၀၀ ခန့် ထုတ်လုပ်ရောင်းချနေကြောင်း သိရှိရပါတယ်။ တရုတ်နိုင်ငံမှ လာရောက်ရင်းနှီးမြှုပ်နှံတဲ့ Gold Ayar ကားစက်ရုံကလည်း တစ်နှစ်မှာ ကားအစီးရေ ၅၀၀၀ လောက် ထုတ်လုပ်ရောင်းချမည်ဖြစ်ကြောင်းလည်း ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်နေ့ The Voice သတင်းစာအရ သိရှိရပါတယ်။ ကားတွေကို အရစ်ကျစနစ်ဖြင့်ရောင်းချနေကြောင်း၊ ကားဝယ်ယူအသုံးပြုမှုတွေဟာလည်း တိုးတက်များပြားလာနေပြီး လူစီးအိမ်သုံးကားတွေ ပေါများလာတဲ့အတွက် ပေါ်ပေါက်လာတဲ့အကျိုးဆက်ကတော့ ရက်ရှည်ရုံးပိတ်ရက်တွေ၊ နှစ်သစ်ကူးကာလတွေ၊ တန်ခိုးကြီးဘုရားများရဲ့ဘုရားပွဲတော်ကာလတွေမှာ ကားလမ်းမကြီးပေါ်မှာ မော်တော်ယာဉ်ပေါင်းများစွာ မောင်းနှင်ခရီးထွက်ကြတာတွေကို မြင်တွေ့ခဲ့ကြရသလို ကိုဗစ်အလွန်ကာလမှာလည်း ထပ်မံမြင်တွေ့ကြရဦးမှာပါ။ ဒါ့ကြောင့် ယာဉ်မတော်တဆမှုတွေကိုလည်း မကြာမကြာကြားလာရဖို့ ရှိနေပါတယ်။

နိဂုံးချုပ်တင်ပြချင်တာကတော့ အထက်ပါတင်ပြခဲ့တဲ့အကြောင်းအရာများကြောင့် ယာဉ်အန္တရာယ်၊ ယာဉ်မတော်တဆဖြစ်မှုများကို လျှော့ချနိုင်ဖို့ အသိပညာပေးမှု၊ အရေးယူမှုများကို ယခုထက်ပိုမို၍ အရှိန်မြှင့်ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရကို တိုက်တွန်းကြောင်း တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးမင်းသိန်း တင်သွင်းခဲ့တဲ့အဆိုကို ပြည်သူ့လွှတ်တော်ကြီးမှ လက်ခံဆွေးနွေးသင့်ပါကြောင်း ထောက်ခံတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးမင်းသိန်း တင်သွင်းသွားတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ ဒီအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၃)အရ လက်ခံဆွေးနွေးရန်သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒရယူပါမယ်။ ဦးမင်းသိန်း တင်သွင်းသွားတဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**မူကြမ်း**

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဦးမင်းသိန်း၊ တောင်တွင်းကြီးမဲဆန္ဒနယ်က တင်သွင်းသော မြန်မာနိုင်ငံတစ်ဝန်းတွင် ယာဉ်တိုက်မှု၊ ယာဉ်မတော်တဆဖြစ်မှုများကြောင့် သေဆုံးခြင်း၊ ထိခိုက်ဒဏ်ရာရခြင်းများ တဖြည်းဖြည်းမြင့်တက်လာနေပါသောကြောင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်နှင့်ပတ်သက်၍ အသိပညာပေးခြင်း၊ အရေးယူခြင်းများကို ယခုထက်ပို၍ ထိထိရောက်ရောက်အရှိန်မြှင့်ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရကို တိုက်တွန်းကြောင်းအဆိုကို လက်ခံဆွေးနွေးရန်ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။

## ဦးမင်းသိန်း၊ တောင်တွင်းကြီးမဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၅)အရ ဆွေးနွေးမယ့်လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ၄-၈-၂၀၂၀ ရက်(အင်္ဂါနေ့)ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြရန်ဖြစ်ပါတယ်။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး သတ္တမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး အဋ္ဌမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၉)ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး သတ္တမနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်စည်းအဝေး အဋ္ဌမနေ့ကို ၂၀၂၀

ပြည့်နှစ်၊ ဩဂုတ်လ ၄ ရက်(အင်္ဂါနေ့) နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း နှင့် ယနေ့အတွက်အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၁:၃၀။**

အခမ်းအနားမှူး။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

အခမ်းအနားမှူး။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး သတ္တမနေ့ကို ၁၁:၃၀ နာရီအချိန်တွင် ရပ်နားပါသည်။]

**မှူကြမ်း**

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇) ကြိမ်မြောက်ပုံမှန်အစည်းအဝေး သတ္တမနေ့


# (၃၀.၇.၂၀၂၀) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ




U Kyaw Myo | U Yan Kyin Kan




U Kyaw Myo | U Sai Ngaung Seng Hein




U Kyaw Myo | U Khin Maung Thein




Dr Kyaw Linn | U Khon Than Htoo




Dr Kyaw Linn | U Myo Zaw Oo




Dr Kyaw Linn | U Khin Maung Myint

-

pyithu.hluttaw.mm



Dr Kyaw Linn



U Thein Tun

pyithu.hluttaw.mm



Dr Kyaw Linn



U Thar Aung

pyithu.hluttaw.mm



Dr Kyaw Linn



Daw Tin Tin Yi

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ
ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ
ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်